# ပထမအကြိမ်ပြည်သူ့လွှတ်တော်

## ဒုတိယပုံမှန်အစည်းအဝေး

## ၂၅ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

## (၂၆-၉-၂၀၁၁)

**အချိန်**၊ ၁၀ း ၂၇။

**အခမ်းအနားမှူး**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၂၅ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၈၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၆.၄၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဗိုလ်မှူးမြင့်နိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၂၀၃၂ ဗိုလ်မှူးမြင့်နိုင် မှ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ် ကြည်း ၂၅၁၉၇ ဗိုလ်မှူးသိန်းဇော်ဝင်း၏ကိုယ်စား ခွင့်တိုင်ကြားမှာဖြစ်ပါတယ်ခင်ဗျား။ ဗိုလ်မှူးသိန်းဇော်ဝင်းသည် ငှက်ဖျားရောဂါဖြင့် အဆောင်တွင် အနားယူနေရပါသောကြောင့်ယနေ့ ၂၆-၉-၂၀၁၁ ရက်နေ့မှ ၂၇-၉-၂၀၁၁ ရက်နေ့အထိ ခွင့်နှစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအောင်ဆန်းဦး(စဥ့်ကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကူးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဋ္ဌေးကိုယ်စား ခွင့်တိုင်ကြားမှာ ဖြစ်ပါတယ်။ မိုးကုတ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဋ္ဌေးသည် ကိုယ်ရေးကိုယ်တာကိစ္စများ အရေးတကြီး ဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့ ၂၆-၉-၂၀၁၁ ရက်နေ့ (တနင်္လာနေ့) အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် ဦးဘဋ္ဌေးကိုယ်စား ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးကျော်ခိုင်ဝင်း(မဲ့စဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင်သည် ၎င်း၏ဇနီး အရေးပေါ်ခွဲစိတ်မီးဖွားရာ၌ အနီးကပ်ပြုစုစောင့်ရှောက်နိုင်ရန် ၂၆-၉-၂၀၁၁ ယနေ့ကို အစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိပါ၍ ခွင့်ရက်အဖြစ် သတ်မှတ်ပေးပါရန် ဦးရဲထွဋ်တင်၏ ကိုယ်စား ကျွန်တော် ဦးကျော်ခိုင်ဝင်းမှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာဟာ ကိုယ်ရေးကိစ္စနဲ့ ခွင့်ပန်ကြားမှာဖြစ်တဲ့အတွက် ယနေ့ ၂၆-၉-၂၀၁၁ (တနင်္လာနေ့)နဲ့ ၂၇-၉-၂၀၁၁ (အင်္ဂါနေ့) နှစ်ရက် ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးအောင်စိန်သာ ရဲ့ကိုယ်စား၊ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးထွန်းအောင်ကျော်က ကိုယ်စားခွင့်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးဖရန်စ္စစကို(ဖယ်ခုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ် တောင်ပိုင်း၊ ဖယ်ခုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စ္စစကို ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အလယ်ပိုင်း၊ နမ့်ဆန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးလွင် (ခ)ဦးဒီလုံးသည် ဇနီးဖြစ်သူမှာ နေမကောင်းဖြစ်ပြီး ဆေးကုသခြင်း ခံယူနေရ ပါသဖြင့် ဇနီးရှိရာ နမ့်ဆန်မြို့သို့ ပြန်သွားခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ယနေ့ ၂၆-၉-၂၀၁၁

မှ၂၇-၉-၂၀၁၁ အထိ ခွင့်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ဦးဋ္ဌေးလွင်ကိုယ်စား ခွင့်ပန်ကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဋ္ဌေးဝင်း(လယ်ဝေးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဋ္ဌေးဝင်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးဟာ အစာအိမ်ရောင်နေတဲ့အတွက် ဆေးကုသမှုခံယူနိုင်ရန် ၂၆-၉-၂၀၁၁ နေ့မှ ၂၈-၉-၂၀၁၁ နေ့အထိ ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးများ တက်ရောက်ခြင်းမှ ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးမြင့်စိုး၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်ညွန့်(သပိတ်ကျင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညွန့် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်မောင်သည် ကျန်းမာရေးမကောင်းပါသဖြင့် ကျန်းမာရေးဌာန၏အကြံပြုချက်အရ တစ်ရက်နားရမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၆-၉-၂၀၁၁ ခုနှစ် (တနင်္လာနေ့)မှာ ခွင့်တစ်ရက်ပေးပါရန် ဦးမြင့်မောင်ရဲ့ကိုယ်စား လေးစားစွာတင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးဘထီးအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဘထီး(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကင်းချောင်းတံတားတည်ဆောက်ပေးပါရန်ဆိုတဲ့မေးခွန်းနဲ့ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရမ်းဗြဲမြို့နယ်ဟာရမ်းဗြဲကျွန်းပေါ်တွင်တည်ရှိပြီးတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ယခုအခါမှာ နိုင်ငံတော်အနေနဲ့ မြို့နယ်ပြင်ပမြို့နယ်များဖြစ်တဲ့ ကျောက်ဖြူ တောင်ကုတ်၊ အမ်းစသည့် မြို့နယ်များသို့ ဆက်သွယ်သွားလာရာတွင် လည်းကောင်း၊ ရမ်းဗြဲမြို့နယ် ကျေးရွာအတွင်းရှိကျေးရွာများသို့သွားလာရာတွင်လည်းကောင်း၊ ကုန်းလမ်းပိုင်းတွင်လမ်း၊ တံတားများ တည်ဆောက်ပေးသဖြင့် အထိုက်အလျောက်အဆင်ပြေ ကောင်းမွန်မှုရှိသည်ကို ပြည်သူများကျေးဇူး တင်လျက်ရှိကြပါတယ်။ သို့သော်လည်း ကျောက်ဖြူမြို့နယ်နဲ့ထိစပ်လျက်ရှိတဲ့ ကင်းချောင်းချောင်းကူး တံတားမရှိသေးသဖြင့် ရမ်းဗြဲမြို့နယ်ရဲ့ ကျွန်းပတ်လမ်းများဖြစ်တဲ့ ရမ်းဗြဲကျွန်းတွေကို အကြောင်း ကျောက်ချောင်းလေးထောင်၊ ဒေသများသို့ သွားလာမှုခက်ခဲလျက်ပင်ရှိပါသေးတယ်။ ၎င်းကင်းချောင်း တံတားဟာ ကျောက်ဖြူမြို့နယ် ကင်းမြားအုပ်စုနဲ့ ရမ်းဗြဲမြို့နယ်လေးထောင်ဒေသအကြားမှာတည်ရှိ ပြီးတော့ကာ အကျယ်အားဖြင့် ၇၅၀ ပေ၊ အနက် ၃၅ ပေ ရှိပါတယ်။ ၎င်းတံတား တည်ဆောက်ပေးနိုင် မည်ဆိုပါက ကျောက်ဖြူ ရမ်းဗြဲမြို့နယ်ကျွန်းပတ်လမ်းနဲ့ မာန်အောင်မြို့နယ်များသို့ပါ သွားလာရေး လွယ်ကူမှာဖြစ်ပါတယ်။ ဒါကြောင့် ကင်းချောင်းတံတား တည်ဆောက်ပေးရန်အစီ အစဉ် ရှိ၊ မရှိနဲ့ အစီအစဉ်ရှိပါကလည်းပဲ မည်သည့်ကာလတွင် တည်ဆောက်ပေးနိုင်မည်ကိုသိလိုပါကြောင်း တင်ပြ အပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ

ကျန်းမာပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီး၏ ကင်းချောင်းတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနဲ့ ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီး၏ ကင်းချောင်းတံတား တည်ဆောက်ပေးရန်အစီအစဉ် ရှိ၊ မရှိ။ အစီအစဉ်ရှိပါက မည်သည့်ကာလတွင် တည်ဆောက်နိုင်မည်ကိုသိလိုပါကြောင်း မေးခွန်းဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၆၆၆.၂၇ သန်း သုံးစွဲလျက် ရမ်းဗြဲ- ကျောက်နီမော်- ကျောက်ချောင်း- လေးတောင်လမ်း ၆၆ မိုင် ၆ ဖာလုံကို ကျွန်းပတ်လမ်းအဖြစ် ကျောက်ခင်းလမ်း ၄၈ မိုင် ၃ ဖာလုံ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက်ရမ်းဗြဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရန်လျာထားငွေ ၈.၁ သန်းပါရှိသော်လည်း မြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရန်သာ လုံလောက်မှုရှိသဖြင့်ယခုဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သန်း ၉၀ ဖြင့် အဆိုပါ ကျောက်နီမော် - ကျောက်ချောင်းလမ်းပိုင်းတွင် ကျန်ရှိနေသော မြေသားလမ်း ၁၈ မိုင် ၃ ဖာလုံအနက် ၃ မိုင် ၃ဖာလုံကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ၎င်းမှ ဆက်လက်ကျန်ရှိနေသော မြေသားလမ်း ၁၅ မိုင်ကိုလည်း ကျောက်ချောလမ်းဖြစ်စေရေးအတွက် ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ အစီအမံများဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တင်ပြသည့် ကင်းချောင်းတံတားသည်ရမ်းဗြဲကျွန်းပတ်လမ်းနှင့်ကျောက်ဖြူမြို့နယ်အတွင်းရှိ ဇင်ချောင်း-ကင်းမြောက်လမ်းတို့အားဆက်သွယ်မည့်တံတားဖြစ်ပြီးတံတားတည်ဆောက်မည့် ကင်းချောင်းသည် ကျောက်ဖြူ-ရမ်းဗြဲနှစ်မြို့နယ်အစပ်မှာ တည်ရှိ၍ ချောင်းအကျယ် ၇၅၀ ပေခန့်နှင့် အနက် ၃၅ ပေ ရှိပါတယ်။ ယင်းတံတားတည်ဆောက်ခြင်းအားဖြင့် ကျောက်ဖြူမြို့နယ်နှင့် ရမ်းဗြဲမြို့နယ်ကျွန်းပတ်လမ်းနှင့် မာန်အောင်မြို့နယ်များသို့ သွားလာရေးလွယ်ကူစေပြီး အဆိုပါလမ်းပေါ်ရှိ ကျေးရွာပေါင်း ၅၆ ရွာ၊ အိမ်ခြေပေါင်း ၄၅၀၀ နှင့် လူဦးရေပေါင်း ၂၂၆၃၀ တို့အား အကျိုးပြုမည် ဖြစ်ပါတယ်။ ကင်းချောင်းတံတား တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ရေရှည်တည်ဆောက်ရေးအတွက် လိုအပ်ချက်များကို ဦးစွာကွင်းဆင်းတိုင်းတာစစ်ဆေးမှုများ ပြုလုပ်သွားပါမည်။ တံတားတည်ဆောက်ရန်ရန်ပုံငွေမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေနှင့် လုံလောက်မှုမရှိပါသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသ

နှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ တင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ နှစ်အလိုက်စီမံချက်များ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးပိုက်လင်း၊ ပလက်ဝမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးပိုက်လင်း(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားခံထားသော ဧည့်သည်တော်များကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ဆက်ပါတယ်။ ကျွန်တော်ဟာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်က ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်ဟာကို တင်ပြရရင် ပလက်ဝ မြို့ကနေ အရှေ့ဘက် မိုင် ၂၀ လောက်မှာရှိတဲ့ သမိုင်းဝင် ဒေသအခေါ် အီမိုတောင်လို့ခေါ်တဲ့ ကျောက်ပန်းတောင်ဟာ အမြင့်ပေ ၄၂၃၀ ရှိပြီးတော့ ဧက ၁၅၆ ကျယ်ဝန်းတဲ့ အပင်ပေါင်းစုံ၊ ပန်းပေါင်းစုံ၊ တောတိရစ္ဆာန်ပေါင်းစုံ၊ ငှက်မျိုးစုံရှိတယ်လို့ သစ်တောဌာနကို ကျွန်တော်လေ့လာတဲ့ အခါမှာသိရပါတယ်။ သစ်တောဌာနကနေပြီးတော့ ဒီဘေးမဲ့တောသတ်မှတ်ခဲ့ပေမယ့်လို့အမဲလိုက်တဲ့သူတွေကြောင့်တောတိရစ္ဆာန်တွေ နောက်တောင်ယာမီးရှို့တဲ့မီးကို မတားနိုင်တဲ့အတွက် ကျွန်တော်တို့ရဲ့ အပင်တွေဟာ မကြာမီကာလအတွင်းမှာ ပြုန်းတီးတော့မယ့် အခြေအနေရှိတယ်လို့ဆိုတာကိုလည်း ကျွန်တော် သိရပါတယ်။ အဲဒါကြောင့် ဒီတောင်ကို ကျွန်တော်တို့ ဘေးမဲ့တောကနေ သဘာဝတောအဖြစ် ထိန်းသိမ်းဖို့ ကျွန်တော်တို့ သစ်တော၊ ယခုဆိုရင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သစ်တော ဝန်ကြီးဌာနအနေနဲ့ အစီအစဉ်ရှိ၊ မရှိ။ ရှိခဲ့လို့ရှိရင်လည်း ဘယ်တော့ အကောင်အထည်ဖော် ပေးနိုင်မယ်။ မရှိခဲ့ရင်လည်း သတ်မှတ်ပြီးတော့ အကောင်အထည်ဖော်ပေးပါဆိုတာကို ကျွန်တော်မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

နောက်ဒီနေရာမှာ ဥက္ကဋ္ဌကြီးခင်ဗျား။ သမိုင်းဝင်လို့ ကျွန်တော်ဖော်ပြမိတာကို ရှင်းပြလိုပါတယ်။ ကျွန်တော်တို့ မြန်မာ့ရှေးသမိုင်း တကောင်းခေတ်မှာ ကျွန်တော်တို့ ကံရာဇာကြီးဆိုတဲ့မင်းဟာ အဲဒီတောင်မှာ နန်းစိုက်ပြီးတော့ ဒီကျွန်တော်တို့ အနောက်ဘက် တောင်စဉ်ခုနှစ်ခရိုင်ကို အုပ်ချုပ်မင်းလုပ်ခဲ့တယ်ဆိုတာကို ကျွန်တော်ဖတ်ဖူးပါတယ်။ နောက် ရခိုင်ကိုရာဇဝင်မှာ ကျွန်တော်တို့ ဗုဒ္ဓဘာသာရဲ့ မြတ်စွာဘုရား ရခိုင်ပြည်ကို ဈာန်ကြွလာတဲ့ ဘုရားသမိုင်းမှာ အီမိုတောင်ဆိုတဲ့ ကျောက်ပန်းတောင်၊ ခကျောက်တော်တောင်၊ ငွေတောင်၊ ကုန်းတော်တောင်၊ ဦးဇလင်းတောင် ဆိုတာတွေဟာ အထင်ကရတောင်များအဖြစ် မှတ်တမ်းတင်ရေးထားတာကို ကျွန်တော် လေ့လာဖတ်ရှုရပါတယ်။ နောက် အင်္ဂလိပ်တွေ ကျွန်တော်တို့ ဒီဒေသကို သိမ်းပိုက်လိုက်တဲ့အခါမှာ ရခိုင်ကို

သိမ်းပြီးမှ ကျွန်တော်တို့ ဆီကိုလာသိမ်းတဲ့အခါမှာ အဲဒီဒေသမှာနေတဲ့ ဟိုတုန်းက အရိုင်းလူမျိုးလို့ ခေါ်တယ်။ အခု ကျွန်တော်တို့ လူမျိုးပေါ့။

အဲဒီအရိုင်းလူမျိုးတွေက လမ်းကနေဖြတ်တိုက်လို့ အင်္ဂလိပ်တော်တော်များများ ကျဆုံးခဲ့တယ် ဆိုတာ လူ့သမိုင်းကျွန်တော် လေ့လာကြည့်ရပါတယ်။ နောက် ပလက်ဝကိုရောက်တာနဲ့ သူတို့ အင်္ဂလိပ်တွေက ဒီတောင်ပေါ်မှာ ချက်ချင်းတက်ပြီးတော့ တပ်စခန်းတွေလုပ် လုပ်ပြီးမှ အဲဒီဒေသမှာ ရှိတဲ့ ဟိုတုန်းကတောင်မင်းလို့ခေါ်တဲ့ တောင်ကိုအုပ်ချုပ်တဲ့လူတွေကို ဘယ်သူအကြီးဆုံးလဲဆိုတဲ့လူကို သူတို့လိုက်ရှာတဲ့အခါမှာ တောင်မင်းလဟောက်ဆိုတဲ့လူကို သူတို့ဆီမှာဖိတ်၊ ဖိတ်ခေါ်ပြီးတော့ ကျောက်ပလ္လင်ပေါ်မှာ ဒီဒေသ ဒီတောင်ပေါ်မှာမင်းဖြစ်ပြီဆိုပြီးတော့ မင်းမြှောက်တန်ဆာတွေပေး၊ လက်ဆောင်ပဏ္ဏာတွေပေး နောက် ငွေဓားနဲ့သေနတ်တွေပေး၊ ပေးပြီးတော့ ခင်ဗျားလူတွေ ငါကို မတိုက်နဲ့၊ ငါတို့ကိုမတိုက်နဲ့ ငါတို့က လက်နက်ကောင်းတယ်။ ငါတို့ကလည်းမင်းတို့ကို မတိုက်ပါဘူး ဆိုပြီးတော့ ကတိဝန်ခံချက်စကား အဲဒီမှာသစ္စာ၊ ကတိသစ္စာပြုခိုင်းတယ်။ နောက်တစ်နေ့ကြရင် ခင်ဗျားတို့က လက်နက်မရှိဘူး ဒီနေရာမှာ ဟိုဓားမြတွေရှိတယ်၊ တောပုန်းလက်နက်ကိုင်တွေရှိတယ်။ ဒုက္ခပေးမယ်၊ ခင်ဗျားတို့ကိုဒုက္ခမပေးရအောင် ငါတို့အင်္ဂလိပ်တွေကနေပြီးတော့စောင့်ရှောက်ပေးမယ်။ ဒီတောင်ကိုပိုင်စိုးဖို့ ငါတို့ကအာဏာ အပ်တာဆိုတဲ့အခါမှာ အဲဒီစကားပြန်ကတစ်ဆင့် အဲဒီအဖိုးကြီးက ငါလိုတဲ့ဟာတွေပေးလို့ရှိရင် အာဏာအပ်ပါမယ်ဆိုတဲ့စကား အဲဒီမှာပြောလို့ ပြောတဲ့အခါမှာ အင်္ဂလိပ်တွေက သေနတ် ၁၁ ချက်ဆိုလားမသိ ဘူးဖောက်တယ်လို့ပြောတယ်။ အဲဒီအခါမှာသူ့ကို သူ့ရွာကိုပြန်ခိုင်းပြီးမှ အဲဒီကစပြီးတော့ အင်္ဂလိပ်တွေ အဲဒီဒေသကိုအုပ်ချုပ်ခဲ့တယ်။ အုပ်ချုပ်တဲ့အခါ ပလက်ဝဆိုတဲ့ ဒီရခိုင်တောင်တန်းတွေ ခရိုင်ဆိုပြီးတော့ ဒီခရိုင်ဝန်ကအဲဒီ ကျောက်ပန်းတောင်မှာ နွေရာသီခြောက်လရုံးထိုင်တယ်။ နောက် မိုးရာသီခြောက်လ ကတော့ ပလက်ဝမြို့မှာရုံးထိုင်ပြီးတော့ အင်္ဂလိပ်ခေတ်တစ်လျှောက်လုံး အဲဒီကျောက်ပန်းတောင်မှာ သူတို့ရုံးထိုင်ခဲ့တယ်။ နောက် ကော်ဖီရယ်၊ လက်ဘက်ခြံတွေ၊ ကော်ဖီခြံတွေ၊ ဟင်းသီးဟင်းရွက် စိုက်ခင်းတွေ၊ ဥယျာဉ်တွေ လုပ်ခဲ့တယ်လို့ဆိုတဲ့ အဲနောက်ဆုံး အင်္ဂလိပ်အရေးပိုင်တွေက ဘာပြောလဲဆိုရင် ငါတို့အင်္ဂလိပ်တွေ မဟုတ်ဘူး၊ ဒါဗမာပြည်ပဲလို့ပြောတဲ့အခါမှာ အဲဒီအခါမှာဘဲ အဲဒီဒေသမှာရှိတဲ့လူတွေက ငါတို့က ဗမာပြည် ဟိုတုန်းကတော့ ငါတို့ကအရိုင်းပြည်လို့ဆိုတာ အခုကတော့ ဗမာပြည်တဲ့ဆိုပြီးတော့ အဲဒီအခါမှာ ဗမာပြည်လို့သိရတယ်။ အဲဒီတောင်ပေါ်မှာ အင်္ဂလိပ်တွေကအစည်းအဝေးခေါ်ပြောတဲ့ အခါမှာနောက် အင်္ဂလိပ်တွေက ဘာဆက်ပြောသေးလဲဆိုရင် ငါတို့က ဒီမှာကြာကြာနေမှာမဟုတ်ဘူး။ မင်းတို့ ဗမာအစိုးရတွေက အုပ်ချုပ်လိမ့်မယ်၊ အဲဒီအခါမှာ ကျွန်တော်တို့လို ဒီတောင်မှာ ကြည့်ရှုပြီးတော့

ဒီတောင်မှာ ထိန်းသိမ်းပြီးတော့ ကောင်းအောင်လုပ်တဲ့ အစိုးရမင်းတက်လာလို့ရှိရင် မင်းတို့တိုင်းပြည်ဟာ ကောင်းစားတယ်လို့ထင်မှာတဲ့ ကောင်းစားတော့မယ်လို့ အဲဒီလို ပြောခဲ့တယ်။ အဲဒါကြောင့်ဒေသမှာ ရှိတဲ့ရှေးမှီ နောက်မှီလူကြီးတွေကဘာပြောလဲဆိုရင် လွတ်လပ်ရေးရပြီးစ ဖဆပလတွေတက်လာတယ် ဒီတောင်ကို ဂရုမစိုက်ဘူး။ သူတို့ကလည်း သိပ်ကြာကြာခံမှာ မဟုတ်ဘူးလို့ ပြောပါတယ်။ နောက် ဟိုတော်လှန်ရေးကောင်စီတက်ပြီးတော့ စစ်အစိုးရတက်လာတဲ့ အခါလည်း တိုင်းပြည်မှာ ကျွန်တော်တို့ ဒီပြောက်ကျားတွေ၊ သူပုန်တွေအေးချမ်းပေမယ့် ဒီတောင်ကို ဂရုမစိုက်တော့ ဘာမှအင်္ဂလိပ်တွေ ပြောတဲ့အတိုင်းပဲ သူတို့ကြာကြာခံမှာ မဟုတ်ဘူးဆိုတဲ့နောက် ရှေ့ဆက်အရေးအခင်းတွေ ဖြစ်လာတယ်။ နောက် တပ်မတော်အစိုးရတက်လာတော့ ကျန်တဲ့ ဒီသောင်းကျန်းသူတွေကို အမြစ်ပြတ်ချေမှုန်း ဒါပေမယ့် ဒီစစ်ဗိုလ်တွေက ဒီတောင်မှာတစ်ခါမှ မတက်ဘူးတော့ သူတို့လည်း ကျွန်တော်တို့ စားဝတ်နေရေးဖူလုံအောင်၊ တိုးတက်အောင် ဆက်လုပ်နိုင်မှာ မဟုတ်ဘူးထင်တယ်ဆိုပြီးတော့ ဒါဒေသလူတွေရဲ့ အစဉ်အလာယုံကြည်ချက်ကို ပြောပြတာပါ။ အခုကျွန်တော်တို့က အစိုးရသစ်တက်လာတဲ့အခါမှာတော့ နောက်ဝန်ကြီးဌာနလည်း သစ်တောဝန်ကြီးကနေ သဘာဝထိန်းသိမ်းတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်တောဝန်ကြီးဌာနဖြစ်လာပြီဆိုတော့ ဒီတောင်ကို ပြုပြင်မွမ်းမံပြီးတော့ ကျွန်တော်တို့ ဗမာပြည်ကလည်း အင်္ဂလိပ်တွေ ပြောသလိုတော့ မဟုတ်ဘူးလေ၊ ကျွန်တော်တို့ ဒီဒေသကလူတွေက ခုနကပြောသလို တိုင်းပြည်ကို ကြာရှည်ထိန်းသိမ်းပြီးတော့ တိုးတက်ဖွံ့ဖြိုးတဲ့ တစ်ခေတ်ကာလကို ရောက်တော့မယ်ဆိုတာကို ကျွန်တော် မျှော်လင့်ရင်းနဲ့ ဒီမေးခွန်းကို မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်မြင့် ဂန့်ဂေါမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အဝန်းမှာရှိတဲ့သစ်တောကြိုးဝိုင်းများအတွင်းမှာ လုပ်ကိုင်စားသောက်နေကြတဲ့တောင်သူလယ်သမားများရဲ့ကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးမြန်းဆွေးနွေးမှုအား စာဖြင့်ဖတ်ကြားဆွေးနွေးခွင့်ပြုပေးပါရန်လည်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဂန့်ဂေါခရိုင်ဟာ ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်၊ ဆောမြို့နယ်နဲ့ ကျောက်ထုမြို့နယ်ခွဲတို့နဲ့ ဖွဲ့စည်းထားတဲ့ခရိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ခရိုင်

ဟာ သစ်တောများနဲ့ဖုံးလွှမ်းနေတဲ့ဒေသများလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ဂန့်ဂေါခရိုင်မှာ သစ်တောကြိုးဝိုင်းပေါင်း ၃၃ ခုရှိကာ ဧရိယာပေါင်းကလည်း ၅၄၇၄၇၁.၉ ဧကရှိကြောင်းလေ့လာတွေ့ရှိရပါတယ်။ အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့အသက်မွေးမြူကြတဲ့ဒေသလည်းဖြစ်ပါတယ်။ ဒေသအတွင်းမှာလူဦးရေတွေ တဖြည်းဖြည်းတိုးပွားလာတာနဲ့အမျှ လုပ်ကိုင်စားသောက်ဖို့ လယ်ယာမြေများကိုလည်း တိုးချဲ့ဖော်ထုတ်ကာ စားသောက်ကြရပါတယ်။ လယ်ယာမြေများ ဖော်ထုတ်ဖို့ သင့်တော်တဲ့မြေနေရာများ အခက်အခဲကြောင့် ကျွန်တော်တို့ ဒေသသားများဟာ နီးစပ်ရာသစ်တောကြိုးဝိုင်းများအတွင်းမှာ လယ်ယာမြေများ ဖော်ထုတ်ပြီး မိမိရဲ့စားဝတ်နေရေးအတွက် ဖြေရှင်းကြရတာတွေလည်းရှိပါတယ်။ အချို့ဆိုလို့ရှိရင် ဘိုးဘွားစဉ်ဆက် နှစ်ပေါင်းများစွာ လုပ်ကိုင်စားသောက်နေကြရတဲ့အခြေအနေလည်းများလှပြီ ဖြစ်ပါတယ်။ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့်လည်းပဲ တောင်သူလယ်သမားများရဲ့ အရေးကိုရှေးရှုပြီးတော့မှ တရားမဝင်သော်လည်းပဲ ဆက်လက်လုပ်ကိုင်ခွင့်တွေကို ယူထားခဲ့တာကိုလည်းပဲ လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဂန့်ဂေါခရိုင်မှာရှိတဲ့ သစ်တောကြိုးဝိုင်း ၃၃ ခု အတွင်းမှာ လယ်ယာမြေဧကပေါင်းဟာ ၁၂၆၆၈ ဧကရှိကြောင်း လေ့လာသိရှိရပါတယ်။ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်ရှိ သစ်တောကြိုးဝိုင်း ၇ ခုမှာလည်း လယ်ယာမြေဧကပေါင်း ၃၉၄၈ ဧကရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးရွာပေါင်း ၁၂ ရွာမှာ လယ်ယာမြေဧက ၃၅၆၆ ဧကရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ အလား တူစစ်ကိုင်းတိုင်းဒေသကြီး တစ်ခုတည်းမှာပဲ သစ်တောကြိုးဝိုင်းအတွင်း လယ်ယာမြေဧကပေါင်းဟာ ၄၅၆၂၉၅.၈ ဧကရှိကြောင်း လေ့လာသိရှိရပါတယ်။ ၎င်းအပြင်နိုင်ငံတော် သစ်တောကြိုးဝိုင်းများအတွင်း လယ်မြေ၊ ယာမြေနှင့် အခြားကျူးကျော်မြေဧရိယာများဟာ နိုင်ငံတော်သစ်တောကြိုးဝိုင်းများရှိ ဧရိယာစုစုပေါင်းရဲ့ ၄.၅ ရာခိုင်နှုန်းရှိကြောင်း လေ့လာသိရှိရတဲ့အတွက်လည်း နိုင်ငံတော်ရဲ့ သစ်တောကြိုးဝိုင်းများအတွင်းမှာ လယ်ယာမြေဧကများစွာ ရှိနိုင်ကြောင်းကိုလည်း သုံးသပ်လို့ရနိုင်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ မြို့နယ်များမှာလည်း သစ်တောကြိုးဝိုင်းများအတွင်း လယ်ယာမြေများရှိနေကြောင်း၊ အချို့မြို့နယ်များမှာ ကျေးရွာများပင် သစ်တောကြိုးဝိုင်းအတွင်း ရှိနေကြကြောင်း ဆွေးနွေးပြောပြကြလို့ သိရှိရပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောကြိုးဝိုင်းများအတွင်း လယ်ယာမြေများ လုပ်ကိုင်စားသောက်နေကြတဲ့ တောင်သူလယ်သမားများဟာ အများအားဖြင့် ဆင်းရဲကြတာ များပါတယ်။ ဘာလို့လဲဆိုတော့ လုပ်ကိုင်ကြရတဲ့ လယ်ယာမြေဧကများဟာလည်း တစ်ဦးကိုအများဆုံး နှစ်ဧကမှသုံးဧကလောက်ပဲရှိကြလို့ ဖြစ်ပါတယ်။ ရှိကြတဲ့ လယ်ယာမြေ

လေးများကိုအမှီပြုပြီး မိသားစုစားဝတ်နေရေးအတွက် အခြားလုပ်ငန်းများလည်း လုပ်စရာမရှိလို့ လုပ်နေကြရခြင်းလည်းဖြစ်ပါတယ်။ စီးပွားချမ်းသာဖို့အရေးထက် ဘဝရှင်သန် ရပ်တည်ဖို့အရေးများ ဖြစ်ကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူများနဲ့ နိုင်ငံတော်အတွက် ပြည်သူ့အစိုးရကြီးလည်း ပေါ်ပေါက်နေပြီ ဖြစ်ပါတယ်။ လွှတ်တော်ကြီးများလည်း ရှိနေကြပြီဖြစ်ပါတယ်။ ပြည်သူများရဲ့ အသံတွေလည်း လွှတ်တော်ကြီးက ကြားနေကြရပါပြီ။ ပြည်သူများရဲ့ဆန္ဒတွေ လွှတ်တော်ကြီးက သိနေကြပါပြီ။ ပြည်သူတို့ရဲ့ မျှော်လင့်ချက်တွေ လွှတ်တော်ကြီးက ဖော်ဆောင်ပေးနေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူ့အကျိုးပြု နိုင်ငံ့အကျိုးပြုဥပဒေများကိုလည်း လိုအပ်ပါက လွှတ်တော်ကြီးမှ ပြုပြင်ဆောင်ရွက်အတည်ပြုပေးနိုင်ကြပြီဖြစ်ပါတယ်။ အခုလည်း သစ်တောကြိုးဝိုင်းများအတွင်းမှ လယ်ယာမြေများဟာ နိုင်ငံတော်အကျိုး၊ ပြည်သူများရဲ့ အကျိုးအတွက်ဖြစ်နေတဲ့အတွက် လိုအပ်ပါက ဥပဒေများပြင် ဆင်ရေးဆွဲကြရန်လည်း လိုအပ်မှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအဝန်းရှိ သစ်တောကြိုးဝိုင်းများအတွင်း လယ်ယာမြေများအပေါ်အမှီပြုပြီး ဘဝရှင်သန်ရပ်တည်ရေးအတွက် လုပ်ကိုင်စားသောက်နေကြရတဲ့ များလှစွာသော တောင်သူလယ်သမားများနဲ့ မိသားစုဝင်များရဲ့အရေးဟာလည်း နိုင်ငံတော်ရဲ့အရေးပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့်လည်း သစ်တောကြိုးဝိုင်းများအတွင်းမှ လယ်ယာမြေများမှာ လုပ်ကိုင်စားသောက်နေကြရတဲ့ တောင်သူလယ်သမားများနှင့် မိသားစုဝင်များအားလုံး စိတ်ချမ်းမြေ့စွာ လုပ်ကိုင်စားသောက်စေလိုပါတယ်။ နိုင်ငံတော်အတွက် သစ်တောကြိုးဝိုင်းများအတွင်းရှိ လယ်ယာမြေများမှ ရသင့်ရထိုက်တဲ့ အခွန်ဘဏ္ဍာငွေများလည်း မှန်မှန်ကန်ကန် ရရှိစေလိုပါတယ်။ နိုင်ငံတော်ရဲ့ ရိက္ခာဖြစ်တဲ့ လယ်ယာထွက်ကုန်သီးနှံများ ပိုမိုထွက်ရှိရေးနဲ့ စာရင်းတွက်ချက်ရာမှာလည်း မှန်ကန်မှု ရှိစေလိုပါတယ်။ တောင်သူလယ်သမားအား နိုင်ငံတော်ရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်များမှာ သစ်တောကြိုးဝိုင်းများအတွင်းမှ တောင်သူလယ်သားများကိုလည်း တန်းတူညီမျှအခွင့်အရေးများလည်း ရရှိစေလိုပါတယ်။ လယ်ယာမြေဥပဒေနဲ့အညီ တရားဝင်လုပ်ကိုင်ခွင့်ရတဲ့ လယ်ယာမြေများကဲ့သို့ အကာအကွယ်များလည်း ရရှိစေလိုပါတယ်။ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အပြီးအပိုင် လွှဲပြောင်းခြင်း၊ အမွေဆက်ခံနိုင်ခွင့်ရှိခြင်း အစရှိတဲ့အခွင့်အရေးများလည်း ရရှိစေလိုပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံအဝန်းရှိ သစ်တောကြိုးဝိုင်းများအတွင်းမှ ရှိပြီးသားလယ်ယာမြေများအား ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်ရသော လယ်ယာမြေများအဖြစ် နိုင်ငံတော်နဲ့ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားအတွက် ရည်မှန်းကာ

နိုင်ငံတော်အနဖြင့် မည်ကဲ့သို့အစီအစဥ်များ စီမံဆောင်ရွက်ထားကြောင်း သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာကျက်သရေအပေါင်းနဲ့ ပြည့်စုံရန်နှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းဖြင့် ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာ ပို့သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးပိုက်လင်းရဲ့မေးခွန်းကို ဦးစွာဖြေကြားခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဒီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာ ဝန်ကြီးဌာနကနေ တာဝန်ယူပြီးတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာ သဘာဝနယ်မြေ ၃၆ ခု ကျွန်တော်တို့ တည်ထောင်ထားရှိပြီး ဖြစ်ပါတယ်။ စတုရန်းမိုင်အားဖြင့် ဖော်ပြရမယ်ဆိုရင် ဧရိယာဧက ၁၄၆၃၁.၁၇ ဧက ကျယ်ဝန်းပါတယ်။ နိုင်ငံ့ဧရိယာနဲ့ တွက်လိုက်မယ်ဆိုလို့ရှိရင်တော့ ၅.၆ ရာခိုင်နှုန်း ရှိပါတယ်။ နောက်ထပ်ပြီးတော့လည်း ကျွန်တော်တို့ အလားတူသဘာဝနယ်မြေ ၇ ခု ဧရိယာဧကအားဖြင့် ၂၇၈၄.၇၁ ဧကကို ကျွန်တော်တို့ ထပ်မံဖွဲ့စည်းဖို့အတွက်ကို ကျွန်တော်တို့ ရည်ရွယ်ထားရှိပြီးဖြစ်ပါတယ်။ အဲဒီဖော်ပြပါ သဘာဝနယ်မြေ ၇ ခု ထပ်မံ တိုးချဲ့ဖွဲ့စည်းပြီး ဖြစ်မယ်ဆိုလို့ရှိရင် သဘာဝနယ်မြေပေါင်း ၄၃ ခုဖြစ်လာမယ်၊ ဧရိယာဧကအားဖြင့် ၁၇၄၁၅ ဧက ဖြစ်လာပြီးတော့ နိုင်ငံ့ဧရိယာရဲ့ ၆.၆၇ ရာခိုင်နှုန်းဟာ သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ အခု ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ ကျောက်ပန်းတောင်၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို သဘာဝနယ်မြေတစ်ခု အဖြစ်ဖွဲ့စည်းဖို့ကို ကျွန်တော်တို့ အဆိုပြုထားပြီး ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ ၁၈-၄-၂၀၁၁ ရက်စွဲပါစာအမှတ်၊ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇/၂၀၁၁ဖြင့် ဧရိယာဧက ၃၂၇၆၈ ဧက ကျယ်ဝန်းသော ကျောက်ပန်းတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို သဘာဝနယ်မြေအဖြစ် သတ်မှတ်ရန်ရည်ရွယ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ကျောက်ပန်းတောင် တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော သတ်မှတ်တည်ထောင်မယ့်နယ်မြေရှိ ပြည်သူတို့ရဲ့အခွင့်အရေးများ ထိခိုက်နစ်နာမှုများမရှိနိုင်ရန် သတ်မှတ်ထားတဲ့နည်းလမ်းများနှင့် အညီစုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေတည်တံ့သတ်မှတ်နိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပဏာမစိစစ်ရေးအဖွဲ့များကိုလည်း

ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ဒီပဏာမ စစ်ဆေးမယ့်၊ တိုင်းတာမယ့်အဖွဲ့ကလည်း ကျွန်တော်တို့ သတ်မှတ်ထားတဲ့ ကြေးတိုင်လုပ်ငန်းများကို လာမယ့်ပွင့်လင်းရာသီမှာ နယ်မြေများကို ကွင်းဆင်းပြီးတော့ ဆောင်ရွက်သွားကြဖို့လည်း စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ တစ်ဖက်တစ်လမ်းမှ နိုင်ငံတော်အစိုးရဘက်မှ ကျောက်ပန်းတောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို သတ်မှတ်ကြေညာနိုင်ဖို့ ဆောင်ရွက်နေသကဲ့သို့ ခုနက ကိုယ်စားလှယ်တော်ကြီး မေးမြန်းသွားတဲ့ရှင်းလင်းတင်ပြချက်ထဲမှာလည်း အကျယ်တဝင့်ပါရှိပြီးဖြစ်တဲ့ ဒေသခံပြည်သူများရဲ့အပိုင်းပေါ့လေ၊ ဒေသခံပြည်သူများအပိုင်းအနေနဲ့လည်း မိမိတို့ဒေသရှိသဘာဝသယံဇာတ အမွေအနှစ်များ ရေရှည်တည်တံ့စေရေးနဲ့ နောင်လာနောင်သားများအတွက် လက်ဆင့်ကမ်းအမွေကောင်းများ ပေးအပ်နိုင်ဖို့အတွက်ကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနဲ့ပူးပေါင်းလက်တွဲပြီးတော့ ကူညီထိန်းသိမ်းစောင့်ရှောက်ပေးရန်လည်း အထူးလိုအပ်ကြောင်း တင်ပြလိုပါတယ်။ သဘာဝနယ်မြေအဖြစ် သတ်မှတ်ပြီးတဲ့နောက်ပိုင်းမှာလည်း သဘာဝနယ်မြေ ရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းသွားဖို့ ကျွန်တော်တို့နဲ့ပူးပေါင်းပြီးတော့ ကူညီစောင့်ရှောက်သွားကြပါလို့ ပန်ကြားရင်းနဲ့ ဒီမေးခွန်းကို ကျွန်တော် ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရဲ့ သစ်တောကြိုးဝိုင်းများအတွင်းမှာရှိတဲ့ လယ်ယာစိုက်ပျိုးလုပ်ကိုင်စားသောက်နေကြသော တောင်သူများအတွက် တရားဝင်လုပ်ကိုင်ခွင့်ရရှိသော လယ်ယာမြေများအဖြစ်ဆောင်ရွက်ပေးပါရန် မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ဝန်ကြီးဌာန လက်အောက်တွင်ရှိသော သစ်တောဦးစီးဌာနဟာ နိုင်ငံတော်ကိုယ်စား ဂေဟစနစ်နဲ့ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန်၊ ရေအရင်းအမြစ်များထိန်းသိမ်းရန်၊ တိုင်၊ မျော၊ သစ်၊ ထင်း၊ဝါးနဲ့ အခြားသစ်တောထွက်ပစ္စည်းများကို ပြည်သူများအား အစဉ်အမြဲ ထောက်ပံ့ပေးနိုင်ရန်အတွက်ကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို သစ်တောဥပဒေ ပြဋ္ဌာန်းချက်များနဲ့အညီ ဖွဲ့စည်းထိန်းသိမ်းကာကွယ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုဟာ ၁၉၈၀ခုနှစ်တုန်းက နိုင်ငံ့ဧရိယာရဲ့ ၅၇ ရာခိုင်နှုန်းခန့်ရှိခဲ့ရာမှ ၂၀၁၁ခုနှစ်မှာ ၄၇ ရာခိုင်နှုန်းလောက်ထိ ကျဆင်းသွားပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးအနေဖြင့် သစ်တောကဏ္ဍရဲ့ နှစ် ၃၀ ပင်မစီမံကိန်းအတွင်းမှာ ရည်မှန်းထားချက်အရ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို နိုင်ငံဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းရှိအောင်ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ယနေ့အထိ ၂၄ ရာခိုင်နှုန်းဖွဲ့စည်းထား ပြီးဖြစ်ပါတယ်။ သတ်မှတ်လျာထားချက်များပြည့်မီအောင် သစ်တောဥပဒေပုဒ်မ

၄၊ ၅ နဲ့ ၆ ပါပြဋ္ဌာန်း ချက်များနဲ့အညီဆက်လက်ဖွဲ့စည်းလျက်ရှိပါတယ်။ ကြိုးဝိုင်းများကို ဖွဲ့စည်းရာမှာ ကျေးရွာများ၊ စိုက်ပျိုးမြေများကို ချန်လှပ်ပြီးတော့ သစ်ပင်၊ သစ်တောဧရိယာများကိုသာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီခွင့်ပြုချက်နဲ့ ဖွဲ့စည်းတာဖြစ်ပါတယ်။ ဖွဲ့စည်းပြီးတဲ့ ကြိုးဝိုင်းမြေများအတွင်းမှာ သီးနှံစိုက်ပျိုးဖို့ လယ်မြေ၊ ယာမြေ ဖော်ထုတ်လို့မဖြစ်နိုင်ပါဘူး၊ ဒီလိုမဖြစ်နိုင်တဲ့အကြောင်းကိုလည်း သစ်တော ဥပဒေပုဒ်မ ၄၀ မှာအတိအလင်းဖော်ပြထားတာဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ကချမှတ်ထားတဲ့မူဝါဒများအရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့၊ သစ်တောများထိန်းသိမ်းဖို့နဲ့ ကျေးလက်နေပြည်သူများကို သစ်တောထွက်ပစ္စည်းများ အစဉ်ထောက်ပံ့ပေးနိုင်ဖို့အတွက် သစ်တောကြိုးဝိုင်းများကိုနိုင်ငံ့ဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းအထိ ဖွဲ့စည်းရခြင်းပဲဖြစ်ပါတယ်။ ကြိုးဝိုင်းအတွင်းမှာ သီးနှံစိုက်ပျိုးလုပ်ကိုင်နေတဲ့မြေများဟာ ကြိုးဝိုင်းအဖြစ်စတင်ဖွဲ့စည်းကတည်းက ဆိုင်ရာဆိုင်ခွင့်အဖြစ်လုပ်ကိုင်ခွင့်ရထားသောမြေများပဲဖြစ်ရပါမယ်။ သစ်ပင်ပေါက်ရောက်မှုကောင်းလို့ ကြိုးဝိုင်းဖွဲ့စည်းတဲ့အခါမှာ ဒေသခံတွေရဲ့ နဂိုရှိရင်းစွဲစိုက်ပျိုးလုပ်ကိုင်မှုကို မနစ်နာစေလိုတဲ့ သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)ပါပြဋ္ဌာန်းချက်နဲ့အညီ ကြေးတိုင်အရာရှိ Settlemet Officer အဖြစ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်အုပ်ချုပ်ရေးမှူးကို ခန့်အပ်ပြီးတော့စိစစ်စေပါတယ်။ ဆိုင်ရာဆိုင်ခွင့်များကို စိုက်ပျိုးခွင့်ပြုထားပြီးတော့ ချန်လှပ်ပေးရတဲ့ ထုံးတမ်းစဉ်လာရှိပါတယ်။

သစ်တောကြိုးဝိုင်းတစ်ခု ဖွဲ့စည်းတော့မယ်ဆိုရင် ဒေသခံများ မနစ်နာအောင် စားကျက်ချခွင့်၊ စိုက်ပျိုးခွင့် ၊ ထင်းဝါးခုတ်ခွင့် အစရှိတဲ့ ဆိုင်ရာဆိုင်ခွင့်များကို ၎င်းတို့လျှောက်ထားတောင်းဆိုတဲ့အပေါ်မှာအခြေခံ ပြီးတော့ ကြေးတိုင်အရာရှိက စိစစ်ခွင့်ပြုရပါတယ်။ ဒီခွင့်ပြုထားတဲ့ဆိုင်ရာ ဆိုင်ခွင့်များနဲ့အတူကြိုးဝိုင်းဖွဲ့စည်းခွင့်ကို သစ်တောဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်နဲ့အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကိုတင်ပြအတည်ပြုချက် ရယူရတာဖြစ်ပါတယ်။ ကြိုးဝိုင်းဖွဲ့စည်းခြင်းဟာ နိုင်ငံတော်ရဲ့ အကျိုးစီးပွား၊ ဒေသခံများရဲ့ အကျိုးစီးပွားဖြစ်လို့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်မှန် ကန်ကန်နဲ့ စနစ်တကျအချိန်ယူပြီးတော့ ဆောင်ရွက်ရတဲ့ လုပ်ငန်းတစ်ခုပဲဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ဒေသခံများအတွက် သစ်တောသယံဇာတများကို အစဉ်မပြတ်ထောက်ပံ့စေနိုင်ဖို့အတွက်ကို သစ်တောကြိုးဝိုင်းများကို စီမံအုပ်ချုပ်ရတာဖြစ်လို့ ကြိုးဝိုင်းအတွင်း ကျူးကျော်စိုက်ပျိုးတဲ့လယ်မြေ၊ ယာမြေများကို ဥပဒေနဲ့အညီတရားဝင်လုပ်ကိုင်ခွင့်ရတဲ့ လယ်ယာမြေများအဖြစ် ပြောင်းလဲသတ်မှတ်ပေးရမည်ဆိုရင် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊စည်းကမ်းများနှင့် မညီညွတ်တဲ့အပြင်ကို ရေရှည်မှာလည်းပဲ သစ်တောများ ယိုယွင်းပြုန်းတီးလာပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမယ့်လမ်းကြောင်းကို ဦးတည်သွားစေနိုင်မှာ ဖြစ်ပါ

တယ်။ ကြိုးဝိုင်းတောများအတွင်းမှာ သစ်တောသစ်ပင်များကိုသာ စိုက်ပျိုးထားရှိရမှာ ဖြစ်ပြီးတော့ နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပြင် ပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်းများကိုလည်းပဲ သစ်တော ဥပဒေပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များနဲ့အညီ အစိုးရအဖွဲ့၏ ခွင့်ပြုချက်နဲ့ တည်ထောင်ခွင့်ပြုထားပါတယ်။ အဖိုးတန်သစ်မျိုးများကို စိုက်ပျိုးခြင်းဖြင့် သစ်တောဖုံးလွှမ်းမှုနဲ့ တောတန်ဖိုးမြင့်မားလာစေမှာဖြစ်ပြီး ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းကို အားပေးလျက်ရှိပါတယ်။ သစ်တောများကို ထိန်းသိမ်းရာရောက်တဲ့အပြင် ဒေသစီးပွားရေးကိုလည်း အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒေသခံများ အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ယခုအခါမှာ နိုင်ငံတော်ရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကိုလည်း တရားဝင်ပြဋ္ဌာန်းရန် စီစဉ်ဆောင်ရွက်လျက် ရှိပြီးဖြစ်တာမို့ သဘာဝပတ်ဝန်းကျင်ကိုလည်း ဂရုတစိုက်ထိန်းသိမ်းသွားနိုင်ရန် အထူးပဲ အရေးကြီး ပါတယ်။ ဒါကြောင့် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောအတွင်းမှာ ဖွဲ့စည်းစဉ်ကတည်းက ဆိုင်ရာဆိုင်ခွင့် အနေနဲ့ လုပ်ကိုင်ခွင့် ရရှိထားသော စိုက်ပျိုးမြေများကိုသာ တရားဝင်လုပ်ကိုင်ခွင့်ပြုနိုင်မှာ ဖြစ်ကြောင်းနဲ့ သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက် ကောင်းမွန်ဖို့အတွက် သစ်တောကြိုးဝိုင်းများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကာကွယ်စောင့်ရှောက်သွားရမှာ ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

တစ်ဆက်တည်းမှာပဲ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ပုဂ္ဂလိက ကျွန်းစိုက်ခင်းများ နှင့် ပတ်သက်တဲ့ ဗဟုသုတအလို့ငှာ အကျဉ်းမျှဆက်လက်ပြီးတော့ ရှင်းလင်းတင်ပြလိုပါတယ်။ စာစောင်တစ်ခုအတွင်းမှာ ရေးသားထားသော အပြုသဘောဆောင်တဲ့ ကျွန်းစိုက်ခင်းနဲ့ပတ်သက်တဲ့ ဆောင်းပါးတစ်ခုအပေါ်မှာ ဝင်ငွေများတွက်ချက်ရာမှာ မလွဲမှားစေရန်အလို့ငှာ ဥက္ကဋ္ဌကြီးထံ သွားရောက်ရှင်းလင်း တင်ပြပါတယ်။ ရှင်းလင်းတင်ပြချက်အရ ဥက္ကဋ္ဌကြီးက တစ်ဆက်တည်းမှာပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များလည်း သိရှိနိုင်ရန်အလို့ငှာ လွှတ်တော်ရဲ့အချိန်ကို လေးစားသော အားဖြင့် အကျဉ်းမျှတင်ပြလိုပါတယ်။ အားလုံးသိကြတဲ့အတိုင်း မြန်မာနိုင်ငံဟာ ထိုင်း၊ လာအို၊ အိန္ဒိယ နိုင်ငံများနည်းတူ သဘာဝအလျောက်ကျွန်းပင်များပေါက်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကျွန်းပင် ပေါက်ရောက်မှုအတွက်ကို ကျွန်းပင်နှစ်သက်တဲ့ သဘာဝပတ်ဝန်းကျင်ရှိတာကြောင့်မို့ မြန်မာ့ကျွန်းသစ် များဟာ ကမ္ဘာမှာအရည်အသွေး အမြင့်ဆုံးရရှိသော ကျွန်းသစ်များ ပေါက်ရောက်လေ့ရှိပါတယ်။ ၎င်းပေါက်ရောက်သော ကျွန်းပင်များအားလုံးကို လုံးပတ်ကန့်သတ်ပြီးတော့ ယေဘူယျအားဖြင့် မူလသမရိုးကျ မိရိုးဖလာ အရ ပြောရမယ်ဆိုရင် နှစ်ပေါင်း ၇၀ မှ ၈၀ အတွင်း သက်တမ်းရှိသော ကျွန်းသစ်များကို

ထုတ်ယူသုံးစွဲခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထမဆုံးကျွန်းစိုက်ခင်း ချင်းပြည်နယ် ပလက်ဝမြို့မှာ သက္ကရာဇ် ၁၇၀၇ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီးတော့ ၁၈၅၆ ခုနှစ်ကစပြီးတော့ ကျန်ဒေသအနှံ့ ကျွန်းစိုက်ခင်းများကို တောင်ယာသီးနှံရောနှောစနစ်များအရ တည်ထောင်ဆောင်ရွက် လျက်ရှိပါတယ်။ ကျွန်းပင်ပေါက်ရောက်သော အကောင်းဆုံးမြေကတော့ဖြင့် သာမန်အားဖြင့် လျှောထောင့် slope ၃၀ ဒီဂရီထက်မကျော်သော ရေစီးရေလာကောင်းသော ဆင်ခြေလျှောများတွင် ကျွန်းပင်ရဲ့ကြီးထွားမှုနှုန်းက ကောင်းပါတယ်။ ရေစီးရေလာမကောင်းသော ရေဝပ်သောမြေနဲ့ ဆားပေါက်မြေများကို ကျွန်းပင်မနှစ်သက်ပါဘူး။ ဂဝံမြေတွင် ကျွန်းပင်ရှင်သန်ကြီးထွားမှု မကောင်းပါဘူး။ ကျွန်းပင်သည် သဲဆန်သောနုံးမြေစံနီလုံးကို အနှစ်သက်ဆုံး ဖြစ်ပါတယ်။ ကျွန်းပင်တည်ထောင်တဲ့ နည်းစနစ်အနေနဲ့ပြောမယ်ဆိုရင် မြန်မာနိုင်ငံတွင် မူလပေါက်ရောက်ခဲ့သော ကျွန်းများပေါက်ရောက်ခဲ့ သောတောပျက်များကို ပြောင်အောင်ခုတ်လှဲမီးရှို့ပြီးတော့ ကျွန်းပင်များကို တောင်ယာသီးနှံများနှင့် ရောနှော စိုက်ပျိုးခဲ့ကြပါတယ်။ ယေဘူယျအားဖြင့် ၃ နှစ်ခန့် ပေါင်းခုတ်ခြင်း၊ မီးကာကွယ်ခြင်းများကို ဆောင်ရွက်ရပါတယ်။ ကျွန်းစိုက်ခင်းများကို ပင်ညှပ်ကြီးထွား ဖွံ့ဖြိုးမှုအပေါ်မှာမူတည်ပြီးတော့ သက်တမ်း ၆ နှစ်၊ ၁၂ နှစ်၊ ၁၈ နှစ်နဲ့ ၂၅ နှစ်များမှာ  သစ်များပင်ညှပ်များ ခုတ်လှဲခြင်း နောက်ဆုံးအပင်များ ခုတ်လှဲခြင်းကို ဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံတွင် ကျွန်းပင်သက်တမ်း ၄၀ မှ ၈၀ အတွင်း ကျွန်းပင်၏ ပျှမ်းမျှနှစ်စဉ်တိုးပွားနှုန်းလို့ ခေါ်ပါတယ်။ အတိုကောက်အားဖြင့် MAI ဖြစ်ပါတယ်။ တစ်နှစ်လျှင် တစ်ဧကတွင် ၅.၈၃ မှ ကုဗတန်မှ ၇.၂၉ ကုဗတန် တိုးထွက်ကြောင်း ကိန်းဂဏန်းများအရ စိစစ်သိရှိ ရပါတယ်။ ပြန်ပြောရမယ်ဆိုရင် သက်တမ်း ၄၀ မှ ၈၀ နှစ်အတွင်း ကျွန်းပင်၏ ပျှမ်းမျှနှစ်စဉ် တိုးပွားနှုန်းသည် တစ်နှစ်လျှင် တစ်ဧကတွင် ၅.၈၃ ကုဗတန်မှ ၇.၂၉ ကုဗတန်ရှိကြောင်း တွက်ချက် ရရှိပါတယ်။ ကော်စတာရီကာ နိုင်ငံတွင် ၂၅ နှစ်သားကျွန်းစိုက်ခင်း၏ ပျှမ်းမျှတိုးပွားနှုန်းမှာတစ်နှစ်လျှင် တစ်ဧကအထွက် ၆.၂၇ ကုဗတန်ဖြစ်ပါတယ်။ ကျွန်းစိုက်ခင်းကနေပြီးတော့မှ ရနိုင်တဲ့အကျိုးအမြတ် အနေနဲ့ အကျဉ်းရုံးမှျတင်ပြရမယ်ဆိုရင် ကျွန်းပင်တစ်ပင်ကို တစ်နှစ်လျှင် တစ်ပင်လျှင် ကိုးပေ အကွာအဝေးရှိတဲ့ပန္နက်များဖြင့် စိုက်ပျိုးတည်ထောင်မယ်ဆိုရင် တစ်ဧကမှာ ကျွန်းပင် ၅၄၀ ပင် စိုက်ပျိုးနိုင်ပါတယ်။ ပထမနှစ်ကုန်ကျစရိတ်မှာ ကျပ် ၂၀၀၀၀၀ ဖြစ်ပြီးတော့ ဒုတိယနှစ်တွင် ကျပ် ၁၀၀၀၀၀၊ တတိယနှစ်နှင့် စတုတ္ထနှစ်များတွင် ကျပ် ၅၀၀၀၀ စီကုန်ကျပါတယ်။ ဒီကုန်ကျစရိတ်များ ကတော့ ပျိုးထောင်စရိတ်၊ စိုက်ပျိုးစရိတ်၊ ပေါင်းသင်ရှင်းလင်းစရိတ်၊ မီးကာကွယ်စရိတ်နှင့် အစောင့်စရိတ်များ ပါဝင်ပါတယ်။ နိုင်ငံတော် သို့ မြေငှားခတစ်ဧကလျှင် ကျပ် ၁၀၀ ပေးသွင်းရပါတယ်။ ဖော်ပြခဲ့ပြီး ဖြစ်တဲ့အတိုင်း ၆ နှစ်၊ ၁၂ နှစ်၊ ၁၈ နှစ်များတွင် ပင်ကြဲပ်နှုတ်ပါတယ်။ ၆ နှစ်သားစိုက်ခင်းမှ

မျောလုံး ၂၇၀ လုံး တန်ချိန်အားဖြင့် ၁.၉ တန် ထွက်ပါတယ်။ ၁၂ နှစ်သားစိုက်ခင်းမှ တိုင်ကိုင်းအဆင့် ၁၃၅ လုံး၊ ၇.၇ တန်ထွက်ပါတယ်။ ၁၈ နှစ်သားစိုက်ခင်းမှ တိုင်သစ် ၆၅ လုံး၊ ၁၂.၂၆ တန်ထွက်ပါတယ်။ ၂၅ နှစ်အချိန် ရောက်တဲ့အခါကျရင်တော့ ပင်ထောင်ကျန်သေးတဲ့ ကျွန်းသစ်လုံး ၇၀ လုံးကို ခုတ်မယ်ဆိုလို့ရှိရင် စံချိန်မီကျွန်းသစ်လုံး ၇၀ လုံး ထွက်ပြီးတော့ တန်ချိန်အားဖြင့် ၃၀.၄၃ တန် ထွက်ပါတယ်။ ခုန ၆ နှစ်သားတုန်းက ခုတ်ခဲ့တဲ့ မျောတစ်လုံးကတော့ မြန်မာကျပ်ငွေနဲ့ပဲ ရောင်းချလို့ရပါတယ်။ တစ်လုံးကို ၁၀၀၀ ခန့်ရပါတယ်။ ၁၂ နှစ်သားကရတဲ့ တိုင်တစ်လုံးကိုတော့ အမေရိကန်ဒေါ်လာအားဖြင့် တွက်ချက်မှုအရ ၁၀.၂၉ ဒေါ်လာရပါတယ်။ ၁၈ နှစ်သားပင်ညှပ်တိုင်တစ်လုံးအတွက် အမေရိကန် ဒေါ်လာ ၅၀.၄၉ ရရှိနိုင်ပါတယ်။ ၂၅ နှစ်သား ကျွန်းသစ်လုံးတစ်လုံးမှာ အမေရိကန်ဒေါ်လာ ၄၃၄.၇၈ ဒေါ်လာ ရရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ရင်းနှီးမြှပ်နှံတဲ့ငွေက လေးသိန်းဖြစ်ပြီး တော့ ၂၅ နှစ်အတွင်းမှာ အမြတ်ငွေ ၂၅၂.၈၄ သိန်းဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာအားဖြင့် တွက်မယ်ဆိုရင် အမေရိကန် ဒေါ်လာ ၂၉၇၄၅ ခန့် ရရှိမှာ ဖြစ်ပါတယ်။ သို့ပေမယ့် နောက်ဆုံးအကြိမ် ခုတ်လှဲထုတ်လုပ်ပြီးလို့ရှိရင် နိုင်ငံတော်ကို ၁၀ ရာခိုင်နှုန်းပေးသွင်းရမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ တွက်ချက်မှုအရ တွက်ချက်မှု များကို အခြေခံပြီးတော့ ပြောမယ်ဆိုလို့ရှိရင် နိုင်ငံတော်သို့ ပေးသွင်းရမယ့် ၁၀ ရာခိုင်နှုန်းသည် ၃၇ သိန်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၃၇ သိန်းပေးသွင်းလိုက်ပြီးတဲ့နောက်မှာတော့ အသားတင်အမြတ်ငွေသည် ၂၁၅.၇၆ သိန်းဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာအားဖြင့် ပြောမယ်ဆိုရင်တော့ ၂၅၃၈၃ ကျန်ရှိမှာ ဖြစ်ပါတယ်။ စိုက်ခင်းတည်ထောင်သူ၏ အမြတ်နဲ့စုစုပေါင်းအမြတ်နဲ့  အချိုးကတော့ ၁.၈၃ ဖြစ်ပါတယ်။ သဘောကတော့ ငွေတစ်ကျပ်ရင်းနှီးမြှုပ်နှံတိုင်း ငွေတစ်ကျပ် ၈၃ ပြား ပြန်လည်ရရှိမှာ ဖြစ်ပါတယ်။ သို့ဖြစ်ရာ အထက်ဖော်ပြပါတွက်ချက်မှုများဟာ မြန်မာနိုင်ငံတွင် လက်ရှိကျွန်းစိုက်ခင်း တည်ထောင်နေသည့် သစ်တောဦးစီးဌာနစိုက်ခင်းများ၊ ပုဂ္ဂလိကပိုင်ပုံမှန်စိုက်ခင်းများ တည်ထောင်မှုအပေါ်မှာ တွက်ချက် ထားတာတွေဖြစ်ပါတယ်။ ဒီထက်ပိုမိုပြီးတော့ ဂရုစိုက်မယ်ဆိုလို့ရှိရင် ဓာတ်မြေသြဇာအသုံးပြု ထားတဲ့ ထွန်ယက်စိုက်ပျိုးခြင်း၊ တစ်သျှူးမျိုးပွားနည်းဖြင့် တည်ထောင်စိုက်ပျိုးခြင်းနှင့် စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်မယ်ဆိုလို့ရှိရင်တော့ ကုန်ကျစရိတ်များဟာ ယခုထက်ပိုမို ကုန်ကျလာမှာ ဖြစ်ပြီးတော့ အထွက်နှုန်းကလည်း ပိုမိုထွက်ရှိလာမှာ ဖြစ်ပါတယ်။ ကျွန်းပင်များအတွက် ကျွန်းပင်များကို စိုက်ခင်းအဖြစ်တည်ထောင်သော နေရာမှာလည်းပဲ နေရာတိုင်းကျွန်း Habitat ဖြစ်တဲ့နေရာ မတူညီတဲ့အတွက်ကြောင့်မို့လို့ နေရာတိုင်းမှာ အထွက်နှုန်းကောင်းတယ်လို့ သတ်မှတ် မျှော်မှန်းလို့ မရနိုင်ပါဘူး။ တွက်ချက်မှုအရ ဒီ Size Quality ကို Size Quality 2  သာမန်အားဖြင့် အကြမ်းဖျင်းပြောရမယ်ဆိုရင်တော့ ပဲခူးရိုးမ ဒေသသည် Size Quality အဆင့်နှစ်ဖြစ်ပါတယ်။ အဲဒီ

အနောက်ပိုင်းမှာရှိတဲ့ ပြည်ဒေသဘက်ကူးသွားမယ် ဆိုလို့ရှိရင်တော့ (2/3) စသည်ဖြင့် မြေအမျိုးအစားများ ဖြစ်ကြပါတယ်။ နောက်တစ်ခုကလည်း ကျွန်းစိုက်ခင်းများကို တစ်ဆက်တစ်စပ်တည်း ဧကပေါင်း မြောက်များစွာ စိုက်ပျိုးတည်ထောင်ဖို့လည်း သင့်လျော်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ရောဂါ ပိုးမွှားများကျဆင်းခြင်း၊ ကျရောက်တဲ့အခါများမှာပဲဖြစ်ဖြစ် မီးဘေးအန္တရာယ်ကျရောက်တဲ့ အခါမှာပဲ ဖြစ်ဖြစ်၊ နောက်တစ်ခုကတော့ အရွက်ကြီးတဲ့အပင်မျိုးများ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြေဆီလွှာတိုက်စားခြင်းများလည်း ရှိနိုင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်းစိုက်ခင်းများ တည်ထောင်သော နေရာများမှာ တစ်ဆက်တစ်စပ်တည်း ဧကပေါင်းမြောက်များစွာကို စိုက်ပျိုးရန်မသင့်ပါကြောင်း အလျဉ်းသင့်၍ ရှင်းလင်းတင်ပြအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးစဲကီကော်၊ မိုင်းခတ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစဲကီကော်(မိုင်းခတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ မြို့နယ်အသီးသီးမှ ရောက်ရှိနေကြကုန်သော လွှတ်တော် ကိုယ်စားလှယ်ကြီးများကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းခတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော် ဖြစ်ပါတယ်။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဖြစ်တဲ့ ၂၅ ရက်နေ့မှာ မိုင်းခတ်မြို့နယ် ပြည်သူ့အသံဖြစ်တဲ့ ကျန်းမာရေးကဏ္ဍကို တင်ပြခွင့်ရတဲ့အတွက် လည်း ကျေးဇူးအများကြီး တင်ရှိပါတယ်။ ဒီကနေ့ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကို ဖတ်ကြားတင်ပြခွင့် ပြုပေးပါခင်ဗျား။ မိုင်းခတ်မြို့နယ်တွင် မြို့နယ်ဆရာဝန်တစ်ဦးနှင့် လက်ထောက်ဆရာဝန်နှစ်ဦးခန့် ထားခွင့်ရှိပါသည်။ ယခုအခါ မြို့နယ်ဆရာဝန်တစ်ဦးနှင့် လက်ထောက်ဆရာဝန်တစ်ဦးခန့်ထားသော် လည်း လက်ထောက်ဆရာဝန်တစ်ဦးမှာ မိုင်းခတ်ဆေးရုံသို့ လာရောက်တာဝန်ထမ်းဆောင်ခြင်းမရှိဘဲ တာချီလိတ်မြို့နယ်ဆေးရုံတွင် တွဲဖက်တာဝန်ထမ်းဆောင်နေကြောင်းသိရှိရပါသည်။ မြို့နယ်ဆရာဝန် တစ်ဦးသာရှိသဖြင့် ကျိုင်းတုံမြို့အစည်းအဝေးသို့ တက်ရောက်သည့်အချိန်တွင်လည်းကောင်း၊ ရက်တို သင်တန်းသွားရောက်ချိန်တွင်လည်းကောင်း၊ ခွင့်ပြန်ချိန်တွင်သော်လည်းကောင်း ဆေးရုံတွင်ဆေးဝါး ကုသပေးမည့် ဆရာဝန်မရှိဘဲ အရေးပေါ် လူနာများရောက်ရှိလာပါက အခက်အခဲများစွာ တွေ့ရှိနေရ သည်ကို တွေ့ရှိရပါသည်။ ဒါကြောင့် မိုင်းခတ်မြို့နယ်ဆေးရုံအတွက် ခန့်ထားပြီးဖြစ်သည့် လက်ထောက် ဆရာဝန်အား မိုင်းခတ်ဆေးရုံသို့ တာဝန်ထမ်းဆောင်စေရန် စီစဉ်ပေးနိုင်ခြင်း ရှိ၊ မရှိ တင်ပြလိုပါတယ်။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်စိုး၊ အင်္ဂပူမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်စိုး(အင်ဂ်ပူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်ဂ်ပူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ အင်ဂ်ပူမြို့နယ်ဟာ လူဦးရေပေါင်းနှစ်သိန်းကျော် မှီတင်းနေထိုင်တဲ့ အနေအထားရှိပါတယ်။ ဒီနေရာမှာ လူဦးရေအရ အင်ဂ်ပူမြို့နယ်ဆေးရုံဟာ ၁၆ ခုတင်ဆံ့ဆေးရုံမှ ၂၅ ခုတင် ဆံ့ဆေးရုံအဖြစ် ဆေးရုံသစ်ကြီးကိုလည်းပဲ တည်ဆောက်နိုင်ခဲ့ပြီး ဆေးရုံကိုလည်းပဲ ၂၀၁၉ ခုနှစ်မှာ ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အင်ဂ်ပူမြို့နယ်ဆေးရုံဟာ ဆေးရုံစဖွင့်ကာစမှာ မြို့နယ်ကျန်းမာရေးဦးစီးမှူးတစ်ဦး၊ မြို့နယ်ကျန်းမာရေးအရာရှိတစ်ဦး၊ လက်ထောက်ဆရာဝန်လေးဦး၊ မိခင်နှင့် ကလေးဆရာဝန်တစ်ဦး၊ သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး အားလုံးရှစ်ဦး ရှိပါတယ်ခင်ဗျား။ ဒါပေမယ့်တစ်ဖြည်းဖြည်းရောက်ရှိလာတဲ့ ဆရာဝန်များဟာ ဘာသာရပ်ဆိုင်ရာ ဒီပလိုမာသင်တန်းများကို ဝင်ရောက်ဖြေဆိုအောင်မြင်ကြပြီးတော့ တဖြည်းဖြည်းပြောင်းရွှေ့သွားကြတဲ့ အတွက်ကြောင့် ယနေ့ ဆိုလို့ရှိရင် အင်ဂ်ပူမြို့နယ်ဆေးရုံမှာ မြို့နယ်ဆရာဝန်ကြီးတစ်ဦးပဲ ရှိပြီးတော့ နေ့ရော၊ ညပါ မရပ်မနားဆောင်ရွက် ပြီးတော့ ဆေးကုသမှုပေးနေရသည့်မှာ ကျွန်တော်တို့ ပြည်သူများဟာ ဆရာဝန်ကို မျှော်လင့်နေကြတာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်းပဲ ကျွန်တော်တို့ရဲ့ သွားဘက်ဆိုင်ရာခုံရှိသော်လည်းပဲ ကျွန်တော်တို့ရဲ့ Instrument များဟာလည်း အပြည့်အစုံရှိပါသော်လည်းပဲ သွားဘက်ဆိုင်ရာ ဆရာဝန်မရှိတဲ့အတွက် ကြောင့် ကျွန်တော်တို့လည်းပဲ ဆရာဝန်ကို မျှော်လင့်နေတဲ့အနေအထားရှိပါတယ်။ အင်ဂ်ပူမြို့နယ်ဟာ ဒေသရေမြေအနေအထားအရ မြို့နယ်ရဲ့သုံးပုံတစ်ပုံခန့်ဟာ ဧရာဝတီမြစ်ရေ လွှမ်းမိုးတဲ့အတွက်ကြောင့် ဒီနေရာတွေမှာ မြွေဆိုးပေါများတဲ့ အနေအထားရှိပါတယ်။ တစ်ခါတစ်လေ တစ်လတည်းတွင်ပဲ မြွေကိုက်လူနာရှစ်ဦးခန့် ရှိနေသည့်အနေအထားပင် ရှိနေတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ အရေးပေါ်လူနာများအပေါ်ကို အထူးမေတ္တာရပ်ခံလိုတာကတော့ တကယ်တမ်း ဆင်းရဲနွမ်းပါးနေတဲ့ လူနာများဟာ အထူးကုဆရာဝန်များရှိရာ ဟင်္သာတခရိုင်ဆေးရုံကြီးကို ၂၇ မိုင်ကွာဝေးပါတယ်။ ဒီနေရာ ကို သွားနိုင်ဖို့အတွက်ကို ကျွန်တော်တို့ရဲ့ မီရာရထား၊ ကြုံရာကားဖြင့် အပြေးအလွှားအသက်ကိုလုပြီးတော့ ပြေးလွှားပြီးတော့ကားကို စောင့်စားနေရတာဟာ အင်ဂ်ပူမြို့နယ် အတွက် အရေးပေါ်လူနာတင်ကား မရှိဘူးဆိုတဲ့အချက်ကို တွေ့ရှိနေရပါတယ်။ ဒါကြောင့်မို့လို့ အင်ဂ်ပူမြို့နယ်ဟာ လက်ရှိအနေအထားအရ မြို့နယ်ဆရာဝန်တစ်ဦး၊ ကျန်းမာရေးအရာရှိတစ်ဦး၊ လက်ထောက် ဆရာဝန်တစ်ဦးနဲ့ မိခင်နှင့်ကလေး ဆရာဝန်တစ်ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး ထပ်မံခန့်ထားမယ်ဆိုရင်တော့ ကျွန်တော်တို့ အင်ဂ်ပူရဲ့ ကျန်းမာရေးဌာနရဲ့ ဝန်ဆောင်မှုအတိုင်းအတာဟာ

ပြည့်စုံလုံလောက်ပြီးလို့ ကျွန်တော်တို့ မိဘပြည်သူ အင်ပူလူထုကနေပြီးတော့ မျှော်လင့်နေကြတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အင်ပူမြို့နယ်ဆေးရုံဟာ ဆရာဝန်ဖြည့်တင်းပေးမှု လူနာတင်ကားထားရှိပေးနိုင်မှု ရှိ၊ မရှိ သိလိုပါကြောင်း ကျွန်တော့်အနေနဲ့ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းခတ္တိယ၊ မိုင်းဆတ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခတ္တိယ(မိုင်းဆတ်မဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဆတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခတ္တိယ ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ မိုင်းဆတ်မြို့နယ်အတွင်း လူဦးရေ ရှစ်သောင်းကျော်ရှိပြီး ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံရှိပါတယ်။ မိုင်းဆတ်မြို့နယ်အတွင်း ကျန်းမာရေးဦးစီးဌာနမှူးတစ်ဦးသာရှိပြီး မြို့နယ်ရှိ လူဦးရေနှင့် ဆေးကုသမှု လုံလောက်ခြင်းမရှိပါ။ ကျန်းမာရေးဦးစီးဌာနတွင် ခွင့်ပြုဝန်ထမ်း ၈၀ ဦး ခန့်အပ်ဝန်ထမ်း ၂၈ ဦးသာရှိပြီး လစ်လပ်ဝန်ထမ်း ၅၂ နေရာကျန်ရှိနေပါသေးတယ်။ မြို့နယ်အတွင်း အဓိကအရေးပါသော သမားတော်ဆရာဝန်ကြီးတစ်ဦး၊ ခွဲစိတ်အထူးကုဆရာဝန်တစ်ဦး၊ မေ့ဆေးအထူးကုဆရာဝန်တစ်ဦး၊ လက်ထောက်ဆရာဝန်ငါးဦးနှင့် သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး လိုအပ်နေပါသေးကြောင်းနှင့် ဆရာဝန်များအား ခန့်အပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဆုံးရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော်ရဲ့မေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းအရ ကျွန်တော်တို့ လက်ရှိမှာ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ကျန်းမာရေး ဦးစီးဌာနမှူးကို လတ်တလော ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ ပြည်သူ့ဆေးရုံသို့ ပြောင်းရွှေ့တာဝန်ချထားပါတယ်။ ဒီနေရာအတွက် လစ်လပ်လျက်ရှိတဲ့မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးတစ်ဦး အမြန်ဆုံးဖြည့်စွက်ခန့်ထားပေးမှာ ဖြစ်ပါတယ်။ ဒီလိုပဲ လက်ထောက်ဆရာဝန်တစ်ဦးကလည်း တာချီလတ်မြို့ ပြည်သူ့ဆေးရုံမှာ လိုအပ်ချက်အရတွဲဘက်ပြီးတော့ တာဝန်ပေးထားတဲ့ မိုင်းခတ်မြို့ ပြည်သူ့ဆေးရုံ

အင်အားနဲ့ပါ။ အဲဒီ တာဝန်ပေးထားတဲ့ဆရာဝန်ကို အမြန်ဆုံးမိုင်းခတ်ပြည်သူ့ဆေးရုံမှာ ပြန်လည် တာဝန်ချထားဖို့ စီစဥ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဖြေကြားရမယ့် မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးရဲ့မေးခွန်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်ဆေးရုံမှာ အခုချိန်မှာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးတစ်ဦးပဲ ရှိနေတယ်။ လက်ရှိ တာဝန်ထမ်းဆောင်နေပါတယ်။ လစ်လပ်လျက်ရှိတဲ့ လက်ထောက်ဆရာဝန် တစ်နေရာကို အမြန်ဆုံး ကျွန်တော်တို့ ခန့်ထားပေးရန် အစီအစဥ် ရှိပါတယ်။ သွားဘက်ဆိုင်ရာ ဆရာဝန်အနေနဲ့ကတော့ အခု ၁၄၂ ယောက်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ကနေပြီးတော့ အခုလက်ရှိမှာ Viva တွေ၊ လူတွေ့ စစ်ဆေးလျက်ရှိပါတယ်။ အခုဟာ မကြာခင်ရက်ပိုင်းအတွင်းပြီးမယ်လို့ သိရပါတယ်။ အဲဒီလိုပြီးလို့ ခန့်ထားပေးပြီးလို့ ကျွန်တော်တို့ကျန်းမာရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးပြီးတဲ့ အခါမှာဆိုလို့ရှိရင် ကျွန်တော်တို့ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးကို ခန့်ထားပေးဖို့ ဦးစားပေးစီစဥ် ဆောင်ရွက်ပါမယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ဗဟိုအဆင့်ဆေးရုံကြီးတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် ဆေးရုံကြီးတွေနဲ့ အချို့သော ခရိုင်ဆေးရုံများအတွက်ကို လူနာတင်ယာဥ်များကို လက်ရှိအနေအထား မှာ ထောက်ပံ့ပေးနိုင်ပါတယ်။ မြို့နယ်ဆေးရုံများအတွက်တော့ လူနာတင်ယာဥ် လတ်တလော ထောက်ပံ့ပေးနိုင်ခြင်း မရှိသေးပါကြောင်းနဲ့ အချို့သောမြို့နယ် ဆေးရုံမှာတော့ စေတနာရှင်များက လှူဒါန်းထားသော လူနာတင်ယာဥ်များကို အသုံးပြုလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခတ္တိယရဲ့ မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားရမယ်ဆိုလို့ရှိရင် ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ် ပြည်သူ့ဆေးရုံမှာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတစ်ဦးကတော့ လက်ရှိတာဝန် ထမ်းဆောင်လျက် ရှိပါတယ်။ အခု နောက်ထပ်ပြီးတော့ လက်ထောက်ဆရာဝန်၊ ခွဲစိတ်အထူးကု လတ်တလောမှာ ပြောင်းရွှေ့တာဝန်ချထားပြီး ဖြစ်ပါတယ်။ နောက်ထပ်လက်ထောက် ဆရာဝန်တစ်ဦး၊ အထွေထွေ လက်ထောက်ဆရာဝန်တစ်ဦးကိုလည်း အမြန်ဆုံးဖြည့်စွက်ခန့်ထားမှာ ဖြစ်ပါတယ်။ ဒီလစ်လပ်လျက် ရှိတဲ့ အထူးကုဆရာဝန်များဖြစ်တဲ့ ဆေးပညာမေ့ဆေးတို့ကို ဖြည့်ဆည်းခန့်ထားဖို့ ကျွန်တော်တို့ အလှည့်ကျပေါ့လေ သူ့သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွန်တော်တို့ကအခု အပတ်စဥ် ကိုင်တွယ် ဖြေရှင်းနေတဲ့အခါမှာ အလှည့်ကျ ကျွန်တော်တို့ ပြန်လည်ခန့်ထားပေးပါမယ်။ သွားဘက်ဆိုင်ရာ ဆရာဝန်ကတော့ စောစောကဖြေကြားခဲ့သလိုပါပဲ ခန့်ထားခွင့်ရရှိတဲ့ ဆရာဝန်များကို ပြည်ထောင်စု

ရာထူးဝန်အဖွဲ့က ပေးပို့တဲ့အခါမှာ ဦးစားပေးခန့်ထားရန်စီစဥ်ပါမယ် ဆိုတာပြန်လည် ဖြေကြားလိုပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စားသုံးရန်အတွက် အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျာ။

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ လွှတ်တော် အစည်းအဝေးအပြီး ညနေ၁၅း၀၀အချိန်ခန့်မှာဖွဲ့စည်းထားတဲ့ လွှတ်တော်ကော်မတီ ၂၃ ခုမှာ ပါဝင်သော ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးတွေ့ဆုံမယ့် အစည်းအဝေးကို လွှတ်တော် အဆောက်အဦအပေါ်ဆုံးထပ်မှာရှိတဲ့ အစည်းအဝေးခန်းမမှာ ဆောင်ရွက်ရန်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အစည်းအဝေးကို ၁၂း၃၀ နာရီတွင် ပြန်လည်စတင်ပါမယ်ခင်ဗျား။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၂၃ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ အမျိုးသားအဆင့် ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသခွင့်လုံခြုံရေးစီမံကိန်းတစ်ရပ်ကို (က)ပြည်သူအားလုံး အာမခံပေါ်လစီဝယ်ခွင့်ရရှိပြီး ထူထောင်တဲ့စနစ်(ခ)ပုံမှန်လုပ်ခလစာရရှိသော လုပ်သားများလစဥ်/နှစ်တွက် ထည့်ဝင်မှုကို အလုပ်ရှင်နှင့်အစိုးရတို့က ထပ်ဆောင်းပေးသည့်ရန်ပုံငွေဖြင့် ထူထောင်သည့်စနစ် (ဂ)အလုပ်မရှိသေးသူ ရာသီလိုက်ဝင်ငွေရ တောင်သူလယ်သမားများ အလုပ်မမှန် ပျံ့ကျလုပ်ကိုင်စားသောက်သူများအတွက် အစိုးရက ယာယီစိုက်ထုတ်ထူထောင်သည့် စနစ်များ သီးခြားစီထူထောင်ပြီး ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်သွားရန် အဆိုနှင့်စပ်လျဥ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၃ ဦးက အမည်စာရင်းပေးထားပါတယ်။ ပထမဦးစွာ ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆန္ဒပြု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ

အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မြင့် တင်သွင်းတဲ့ အမျိုးသားအဆင့် ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသခွင့်လုံခြုံရေးစီမံကိန်းတစ်ရပ်ကို (က)ပြည်သူလူထုအားလုံး အာမခံပေါ်လစီဝယ်ယူခွင့်ရရှိရန် ထူထောင်သည့်စနစ်(ခ)ပုံမှန်လုပ်ခလစာရရှိသော လုပ်သားများ လစဥ်/နှစ်တွက် ထည့်ဝင်မှုကို အလုပ်ရှင်နှင့်အစိုးရတို့က ထပ်ဆောင်းပေးသည့်ရန်ပုံငွေဖြင့် ထူထောင်သည့်စနစ် (ဂ)အလုပ်မရှိသေးသော ရာသီလိုက်ဝင်ငွေရသော တောင်သူလယ်သမားများ အလုပ်မမှန် ပျံကျလုပ်ကိုင်စားသောက်နေသူများအတွက် အစိုးရက ယာယီစိုက်ထုတ် ထူထောင်သည့်စနစ်များ သီးခြားစီထူထောင်ပြီး ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်သွားရန် အဆိုကို ကျွန်တော်က အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လိုအပ်သလို ကျွန်တော့်အဆိုကို ဖတ်ကြားခွင့်ပြုပါရန်လည်း လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရဲ့ အဓိကအကြောင်းအရာက ကျန်းမာရေးအာမခံစနစ်တစ်ခု ထူထောင်ပေးဖို့ ဖြစ်ပါတယ်။ ဒီအဆိုကိုပဲ အပိုဒ် ၃ ပိုဒ်စီခွဲပြီး (က)(ခ)(ဂ)ဖြင့် အပိုဒ် ၃ ပိုဒ် တင်ပြဆွေးနွေးထားတာကို ကျွန်တော်သုံးသပ်မိပါတယ်။ အပိုဒ်(က)ကတော့ ပြည်သူအားလုံးကျန်းမာရေးအာမခံဝယ်ယူထားရှိနိုင်သောစနစ်တစ်ခု ထူထောင်ရန်လို့ သဘောသက်ရောက်ပါတယ်။ လက်ရှိကျွန်တော်တို့နိုင်ငံမှာ လုပ်ကိုင်နေတဲ့ အာမခံလုပ်ငန်းဟာ အသက်အာမခံ၊ မီးအာမခံ၊ အဆောက်အဦစသည်တို့နှင့်သာ သက်ဆိုင်မှုရှိပြီး ကျန်းမာရေးအာမခံလုပ်ငန်းအတိုင်းအတာအထိ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူး။ ဒီလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ လည်ပတ်လုပ်ကိုင်နိုင်မယ့်အဖွဲ့အစည်း၊ ကုမ္ပဏီစသည်တို့ကို ဖိတ်ခေါ်ရန်၊ လက်ကမ်းရန်လည်း လိုအုံးမှာ ဖြစ်ပါတယ်။ နောက်တစ်ဆင့်အနေနဲ့ ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျန်းမာရေးအာမခံလုပ်ငန်းမှာ ဘဏ်လုပ်ငန်းလည်း ပါဝင်ရမှာမို့ ဘဏ်လုပ်ငန်းကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ထိရောက်စွာ၊ လွယ်ကူစွာ လည်ပတ်နိုင်ရန်လည်း အထူးလိုအပ်မှာ ဖြစ်ပါတယ်။ ကျန်းမာရေးအာမခံလုပ်ငန်းဟာ ဝန်ဆောင်မှုပေးသူအဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတို့အတွက် စီးပွားရေးလုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့် သူတို့မှာ စီးပွားရေးအာမခံချက် ရှိဖို့လည်း အထူးလိုအပ်ပါတယ်။ တစ်ဘက်ကနေ ကျွန်တော်တို့ ကြည့်ပြန်လို့ရှိရင် ပြည်သူလူထု၊ ပြည်သူလူထုဘက်မှာ ကျွန်တော်တို့ ကြည့်လိုက်လို့ရှိရင်လည်း လူတို့နာမကျန်းဖြစ်သောအခါ လိုအပ်သလို အရည်အသွေးပြည့်ဝတဲ့ ဆေးကုသမှုမျိုးကို ရရှိနိုင်ရန်အတွက် ကျန်းမာနေစဥ်ကာလတစ်လျှောက်လုံးမှာ သတ်မှတ်

ထားတဲ့အာမခံကြေးကို မိမိတို့ဝင်ငွေမှ ပုံမှန်ပေးဆောင်ချင်လာအောင် အသိပေးရှင်းလင်းစည်းရုံးရအုံး မှာလည်းဖြစ်ပါတယ်။ အထိုက်အလျောက် ဝင်ငွေရှိပြီး အာမခံကြေး သွင်းနေနိုင်ဖို့ လိုအပ်တာဖြစ်တဲ့ အတွက် လူအများစု၏ သိနားလည်ခံယူမှုနဲ့ သူတို့၏ ပုံမှန်ဝင်ငွေအပေါ်မှာ တည်သောကိစ္စ ဖြစ်ပါတယ်။ လူတို့၏ခံယူချက်ဆိုတာ မကျန်းမာတဲ့အခါကျတော့ မကျန်းမာသလို ဖြစ်သလို ကုလိုက်မှာပေါ့။ မကျန်းမာတဲ့အချိန်မှာ ကုသမှုရရှိဖို့ရန်အတွက် ကျန်းမာတဲ့အချိန်ကာလ တစ်လျှောက်လုံးမှာ မိမိလစာကို ပုံမှန်ဖဲ့ဖဲ့ ဖဲ့ဖဲ့ပေးနေရခြင်း၊ သွင်းနေရခြင်းသည်လည်း သူတို့ အဘိဓမ္မာအနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင်တော့ တွက်ကိန်းမကိုက်ဘူးလို့ ထင်တဲ့လူတွေလည်း အများကြီးရှိမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီအာမခံစနစ်ကို အသုံးပြုနိုင်တဲ့လူတွေလည်း ရှိတန်သလောက် ရှိနေတယ်ဆိုတာကိုလည်း ကျွန်တော်တို့လေ့လာသုံးသပ်ချက်အရ သိရှိရပါတယ်။ အပိုဒ်(ခ)ကတော့ ပုံမှန်လစာရှိနေသော ဝန်ထမ်းများနဲ့ ပတ်သက်ပါတယ်။ ဒီလူစုဟာ အစိုးရဝန်ထမ်းဖြစ်နိုင်သလို ပုဂ္ဂလိကလုပ်ငန်းများမှ ဝန်ထမ်းများလည်း ဖြစ်နိုင်ပါတယ်။ အစပြုပြီးတော့ ဒီစနစ်ကို အကောင်အထည်ဖော်ဖို့ရန်အတွက် ပိုမိုအဆင်ပြေနိုင်တဲ့ အုပ်စုလို့လည်း ယူဆလို့ရပါတယ်။ အစိုးရ လခစားဝန်ထမ်းများကို အစိုးရကညွှန်ကြားပံ့ပိုးပေးပြီး ပုဂ္ဂလိကဝန်ထမ်းများကို ဆိုင်ရာအလုပ်ရှင် များက ပံ့ပိုးပေးကြရမှာ ဖြစ်ပါတယ်။ နိုင်ငံအားလုံးလိုလိုမှာ ကျန်းမာရေးအာမခံစနစ် ရှိကြပါတယ်။ ရှိလေ့ရှိထရှိပါတယ်။ ရှိလည်းရှိပါတယ်။ သူတို့အသုံးပြုနေတဲ့စနစ်တွေကို စုံစုံလင်လင် မိမိတို့က လေ့လာသုံးသပ်ရအုံးမှာ ဖြစ်ပါတယ်။ လုပ်နည်းလုပ်ဟန်ပုံစံကတော့ မိမိတို့အခြေအနေအကြောင်း အရပ်ရပ်၊ အကြောင်းအရပ်ရပ်ဆိုတဲ့အထဲမှာ လူမှုရေး၊ စီးပွားရေး၊ ဘဏ်လုပ်ငန်းစသည်ဖြင့်ပေါ့။ မိမိတို့အခြေအနေ၊ အကြောင်းအရပ်တို့နှင့် ဆီလျော်အပ်စပ်တဲ့နည်းလမ်းတို့ကို အသုံးပြုနိုင်ရန် အတွက် ပါဝင်ပတ်သက်လာမှာဖြစ်တဲ့ ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များ၊ ၎င်းပုဂ္ဂိုလ်များနဲ့ ဆွေးနွေး ညှိနှိုင်းတိုင်ပင်ရအုံးမှာဖြစ်တဲ့အတွက်ကြောင့် အချိန်ပေးရမယ့်ကိစ္စလည်း ဖြစ်ပါတယ်။ ကြီးမား ကျယ်ပြန့်တဲ့လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်လို့ တင်ပြချင်ပါတယ်။ အစိုးရပိုင်စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအတွက် ဆေးခန်း၊ ဆေးရုံ၊ ဆေးဝါးစသည်ဖြင့် အခမဲ့ပံ့ပိုးထားတဲ့ လူမှုဖူလုံရေးစနစ် ကျွန်တော်တို့ နိုင်ငံမှာရှိပြီးဖြစ်ပါတယ်။ ပိုမိုပြည့်ဝတဲ့နိုင်ငံတကာ အဆင့်မီ လူမှုဖူလုံရေးစနစ်တစ်ခု ထူထောင်ရန် ဥပဒေသစ်တစ်ရပ် ရေးဆွဲတင်ပြရန် ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ ပထမ ပုံမှန် အစည်းအဝေးမှာ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်းက တင်ပြထားပြီး ဖြစ်ပါတယ်။ လူမှုဖူလုံ ရေးစနစ်မှာ Health Element ကျန်းမာရေးစောင့်ရှောက်မှု Element ပါရှိပါတယ်။ အပိုဒ် (ဂ)

ကတော့ အလုပ်မရှိသူများ၊ အလုပ်ပုံမှန်မလုပ်ကိုင်နိုင်သူများနဲ့ ရာသီအလိုက်ဝင်ငွေရှိသူ တောင်သူလယ်သမားများနဲ့ သက်ဆိုင်ပါတယ်။ ၎င်းတို့ကိုတော့ အစိုးရကသော်လည်းကောင်း၊ သို့မဟုတ် လူမှုရေး၊ ဘာသာရေး၊ အသင်းအဖွဲ့များကသော်လည်းကောင်း သို့မဟုတ် ဒေသခံ စီးပွားရေးလုပ်ငန်း/ စီမံကိန်း စသည်များကသော်လည်းကောင်း တစ်နည်းတစ်ဖုံ ပါဝင်ဆောင်ရွက် ပေးရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုနောက်ပိုင်းမှာ Project တွေ၊ စီမံကိန်းတွေ ပြည်တွင်းမှာပဲ ဖြစ်ဖြစ်၊ ပြည်ပနဲ့ပေါင်းစပ်လို့ပဲဖြစ်ဖြစ် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်ကြတဲ့အခါမှာ ထိုလုပ်ငန်းစဥ်၏ တစ်စိတ်တစ်ဒေသ လိုအပ်ချက်တစ်ခုအနေနဲ့ ဒေသခံပုဂ္ဂိုလ်တို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည်တို့ကို တစ်တပ်တစ်အား ဖွံ့ဖြိုးတိုးတက်ဖို့ရာအတွက် လုပ်ကိုင် ဆောင်ရွက်ပေးတဲ့ Element ပါလေ့ပါထရှိတာကို ကျွန်တော်တို့ တွေ့နေရပါတယ်။ အဓိကကတော့ ကျွန်တော်တို့ အသင်းအဖွဲ့၊ အသင်းအဖွဲ့ဆိုတဲ့နေရာမှာလည်း ခုနက ကျွန်တော်တင်ပြခဲ့တဲ့ လူမှုရေး၊ ဘာသာရေး၊ အသင်းအဖွဲ့စသည်တို့ကလည်း သူတို့အတိုင်းအတာလေးနဲ့သူတို့ Contribute လုပ်နေတဲ့သဘောလေးတွေရှိတဲ့အတွက်ကြောင့်မို့လို့ ခုနက ပြောပြတဲ့ ဒီ(၇)အုပ်စုအတွက်တော့ ဒီလို နည်းလမ်းလေးတွေ ရှိပါတယ်။ ဒါပေမယ့် အဓိကကတော့ ဒီစနစ်ဟာ ရေရှည်တည်တံ့ခိုင်မြဲနေဖို့ ဖြစ်ပါတယ်။ သူတို့ အပြောနဲ့တော့ Sustainability ပေါ့။ Sustainable ဖြစ်ဖို့လိုအပ်ပါတယ်။ ဒီလို Sustainable ဖြစ်ဖို့ရာအတွက် ဒီအာမခံစနစ်လည်ပတ်နေဖို့ရာအတွက် ပုံမှန်ဝင်ငွေ ထည့်သွင်း ပေးထားရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်သမ္မတကြီး ညွှန်ကြားခဲ့တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး နဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံချက်နဲ့ ဒီတောင်သူလယ်သမားတို့ကိစ္စဟာ ချိတ်ဆက်ပြီးတော့ Part and Puzzle of to do Development အဖြစ်နဲ့ လုပ်မှ အဆင်ပြေစရာအကြောင်း ရှိပါတယ်။ ကျွန်တော်တို့ ဟိုနေရာမှာ ကွက်တိ Development ၊ ဒီနေရာမှာ ကွက်တိ Development လုပ်ကြတဲ့အခါမှာ ဒီကွက်တိ၊ ကွက်တိတွေဟာ မအောင်မြင်ဘဲဖြစ်ပြီးတော့ Total Development ကို ရအောင်လုပ်ကိုင်ဆောင်ရွက်ပြီးတော့မှ ဒီ Development ရဲ့ Part and Person အနေနဲ့ သင့်တော်တဲ့ Element ဥပမာ ကျန်းမာရေးစောင့်ရှောက်မှု စသည်တို့ကို ထည့်သွင်းပြီးတော့ လုပ်ဆောင်တာသည်သာလျှင် ပိုပြီးတော့ အောင်မြင်နိုင်စရာအကြောင်းဖြစ်တဲ့အတွက် ဒီညွှန်ကြား ထားတဲ့ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ပေါ့ရေးစီမံချက်မှာ ဒါလေးက ဝင်ပြီး ချိတ်ဆက်လို့ရပါတယ်လို့ ကျွန်တော်သုံးသပ်မိပါတယ်။ မြို့မှာနေထိုင်တဲ့လူတွေ၊ တောင်သူလယ်သမား မဟုတ်သူတွေ၊ ပုံမှန်ဝင်ငွေမရှိသူများကိုတော့ (၁)အချက် အလုပ်ရရှိဖို့ အခွင့်အလမ်းများ ဖော်ဆောင်

ပေးပြီးတော့ ပုံမှန်ဝင်ငွေရရှိစေရမှာ ဖြစ်ပါတယ်။ (၂)အချက် မကျန်းမာသောအခါ အစိုးရဆေးရုံများတွင် အခမဲ့ကုသပေးခြင်းသည်သာ လက်တွေ့ကျသောလုပ်ရပ်ဖြစ်သည်လို့ သဘောပေါက်မိပါတယ်။ နိုင်ငံတိုင်းမှာလည်း အစိုးရကတာဝန်ယူပေးရတဲ့လူစုဆိုတာ နိုင်ငံတိုင်းနိုင်ငံတိုင်းမှာ ရှိစမြဲဖြစ်ပါတယ်။ ဒါပေမယ့် ဒီလူစုက အများစုဖြစ်နေတယ်ဆိုရင်တော့ အဲဒီနိုင်ငံအတွက် တော်တော်အဆင်မပြေ ဖြစ်စရာအကြောင်းရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကျန်းမာရေးအာမခံစနစ်တစ်ခု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာတဲ့အခါ မိမိတို့ဖာသာ လူနာများက အခုလက်ရှိလုပ်နေတဲ့ တချို့လူနာများလိုပဲ အိတ်စိုက်ကျန်းမာရေးစောင့်ရှောက်မှုခံယူခြင်း out of the pocket လို့ခေါ်ပါတယ်။ being out of the pocket မိမိတို့ဖာသာ အိတ်စိုက်ကုသမှုခံယူခြင်းများ ပိုမို လုပ်ကိုင်လာတဲ့အခါ စရိတ်မျှပေးစနစ်ဟာ နေရာတော်တော်များများမှာ ပိုမိုအောင်မြင်လာတဲ့အခါ အဲဒီအခါမှာ အမှန်တကယ် ဝင်ငွေနည်းပါးပြီးတော့ ပုံမှန်အလုပ်အကိုင်မရှိသူများအတွက် အစိုးရက ပိုမိုတာဝန်ယူပြီး လုပ်ကိုင်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ အစိုးရက တာဝန်ယူပေးရတဲ့အုပ်စုတွေ နည်းနည်းနည်းနည်းလာပြီးတော့ ခုန ကျွန်တော်ပြောတဲ့ Mechanism တွေကြောင့် နည်းနည်းနည်းနည်းလာပြီးတဲ့နောက်မှာ အစိုးရက တာဝန်ယူရမယ့်ပုဂ္ဂိုလ်တို့က သူတို့က ပိုပြီးတော့များလာပြီးတော့ အစိုးရက တာဝန်ယူရမယ့်ပုဂ္ဂိုလ်ကိုပဲ အစိုးရကတာဝန်ယူရမယ်ဆိုလို့ရှိရင် ပိုပြီးတော့ ထိထိရောက်ရောက် အောင်အောင်မြင်မြင် တာဝန်ယူနိုင်တာကို တွေ့ရပါတယ်။ ဒါကို တခြားစကားနဲ့ပြောရမယ်ဆိုရင်တော့ သူတို့အသုံးအနှုန်းအရ Shifting of Burden လို့ခေါ်ပါတယ်။ တစ်ဖက်က Burden က တစ်ဖက်ကို Shift ဖြစ်သွားတယ်။ တော်တော်များများ သူ့နည်းသူ့ဟန်သူ့ပုံစံနဲ့ အစိုးရအတွက် Left Burden ဖြစ်သွားတဲ့အခါမှာ တခြားအုပ်စုအတွက် အစိုးရက ထိထိရောက်ရောက်နဲ့ ပိုမိုတာဝန်ယူ ဆောင်ရွက် နိုင်ခြင်းဖြစ်ပါတယ်။ ဒီသဘောမျိုး ဒီလူတန်းစားမျိုးကတော့ ဘယ်နေရာမဆိုရှိတဲ့အတွက် သူတို့ အတွက်တော့ဖြင့် အစိုးရသည် ခိုင်ခိုင်မာမာ ပီပီပြင်ပြင် ပိုမို၍တာဝန်ယူရမယ်လို့ ကျွန်တော် သုံးသပ်မိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တင်ပြလိုသည်မှာ လသာမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးကြည်မြင့် တင်ပြတဲ့အဆိုဟာ မူအားဖြင့် ဆောင်ရွက်သင့်တယ်လို့ ကျွန်တော်သုံးသပ်မိပါတယ်။ ကျန်းမာရေးနယ်ပယ်မှာလည်း ကျွန်တော်တို့ ဒီကိစ္စနဲ့ပတ်သက်လို့ ကျန်းမာရေးအာမခံစနစ်တစ်ခုထူထောင်ဖို့ လွန်ခဲ့တဲ့ ၄ ၊ ၅ နှစ်လောက်ကတည်းက ကျွန်တော်တို့ အကြိမ်ကြိမ် ကျွန်တော်တို့နယ်ပယ်၊ ကျွန်တော်တို့လောကမှာ ဆွေးနွေးပြီးသား ဖြစ်ပါတယ်။ ထိုနည်းတူ

နိုင်ငံတော်တော်များများကိုလည်း WHO က Sustainable ဖြစ်တဲ့ System စနစ်တစ်ခု၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်အခြေအနေနဲ့ ကိုက်ညီတဲ့ System တစ်ခု တည်ထောင်ဖို့ အကြံပြု ထားတာလည်း ရှိပါတယ်။ သို့သော်လည်း အခုအချိန်မှာ ဒီလို ကျယ်ပြန့်တဲ့စနစ်တစ်ခုကို ကိုယ်စားလှယ်ကြီး အကြံပြုထားတဲ့ အတိုင်းအတာနဲ့ ဆောင်ရွက်ဖို့ကျတော့ ဖြည့်ဆည်းပေးရအုံးမယ့် အခြေခံလိုအပ်ချက်တွေ အများကြီးရှိပါတယ်။ သူတို့အသုံးအနှုန်းနဲ့ပြောရင်တော့ Prerequisites လို့ ခေါ်ပါတယ်။ Prerequisites အခြေခံဖြည့်ဆည်းပေးရမယ့် အချက်အလက်တွေ ဒီစနစ်အတွက်၊ ဒီလုပ်ငန်းအတွက် ဒီလိုမျိုးရှိနေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့သည် ဌာနအသီးသီးနဲ့ လေ့လာ သုံးသပ်ညှိနှိုင်းမှုများ ပြုလုပ်ရအုံးမှာ ဖြစ်ပါတယ်။ သူများနိုင်ငံတို့၏ စနစ်ကိုလည်း လေ့လာသုံးသပ် အကဲခတ်ပြီးတော့ ဘယ်စနစ်သည် ကျွန်တော်တို့နဲ့ ဘယ်နေရာမှာ ဘယ်လို အကောင်းဆုံးဖြစ်သလဲ ဆိုတာကို ညှိနှိုင်းဆွေးနွေးရမယ့်ကိစ္စတွေ အများကြီး ရှိနေသေးတဲ့အတွက်ကြောင့်မို့လို့ မူအားဖြင့် ဆောင်ရွက်သင့်ကြောင်း သုံးသပ်မိသော်လည်း သင့်လျော်တဲ့အချိန်မှာမှ ဆောင်ရွက်နိုင်မယ်လို့ သုံးသပ်မိကြောင်းကို လေးစားစွာ ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်းဖြစ်ပါတယ်။ လသာ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးကြည်မြင့်ရဲ့ အမျိုးသားအဆင့် ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသခွင့် လုံခြုံရေးစီမံကိန်းတစ်ရပ်ကို (က) ပြည်သူအားလုံး အာမခံပေါ်လစီဝယ်ယူခွင့်ရရှိပြီး ထူထောင်သည့်စနစ်၊ (ခ) ပုံမှန်လုပ်ခလစာရရှိသော လုပ်သားများ လစဉ်၊ နှစ်တွက်ထည့်ဝင်မှုကို အလုပ်ရှင်နှင့်အစိုးရတို့က ထပ်ဆောင်းပေးသည့်ရန်ပုံငွေဖြင့် ထူထောင်သည့်စနစ်၊ (ဂ)အလုပ်မရှိ သေးသူ၊ ရာသီအလိုက်ဝင်ငွေရ တောင်သူလယ်သမားများ၊ အလုပ်မမှန် ပျံကျလုပ်ကိုင်စားသောက်သူ များအတွက် အစိုးရက ယာယီစိုက်ထုတ် ထူထောင်သည့်စနစ်များ သီးခြားစီထူထောင်ပြီး ညှိနှိုင်း ပေါင်းစပ်လုပ်ကိုင်သွားရန်ဆိုတဲ့အဆိုကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးဦးစီးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အငြိမ်းစားဆရာဝန်တစ်ယောက် ဖြစ်ပါတယ်။ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့

အမျိုးသား ကျန်းမာရေးစီမံကိန်း National Health Plan ကို အနည်းငယ်တင်ပြလိုပါတယ်။ အမျိုးသား ကျန်းမာရေးစီမံကိန်းဟာ ၁၉၇၈ ခုနှစ်ကစပြီး ၄ နှစ်တစ်ကြိမ်ရေးဆွဲခဲ့ပါတယ်။ မိမိနိုင်ငံရဲ့ဓနအင်အား အခြေခံအဆောက်အအုံ၊ လူနေမှုစရိုက်၊ လူမှုစီးပွားရေးဘဝတို့နဲ့ ကိုက်ညီမှုရှိအောင် ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ကြီးရဲ့ နည်းပညာထောက်ပံ့မှုတွေနဲ့ ဆေးပညာရှင်များ၊ စီမံခန့်ခွဲရေးပညာရှင်များ၊ ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာ NGO များပါဝင်ညှိနှိုင်း ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ နှစ်စဉ်ဆန်းစစ် ဆွေးနွေးပွဲတွေလည်း စနစ်တကျပြုလုပ်ခဲ့ပါတယ်။ ကျန်းမာရေး စီမံကိန်းမှာ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း Primary Health Care Project ၊ ရောဂါနှိမ်နင်းရေးလုပ်ငန်းစီမံချက် Disease Control Programme ၊ ဆေးရုံလုပ်ငန်းစီမံချက် Hospital Care Project ၊ တိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် Expended Programme of Immunization ၊ အထောက်အကူပြုလုပ်ငန်းများစီမံချက်များ ပါဝင်တာတွေ့ရပါတယ်။ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းစီမံချက်ဟာ ကျေးလက်နေပြည်သူများနဲ့ ဝင်ငွေနည်း ပြည်သူတွေကို အဓိကအကျိုးပြုပါတယ်။ ရောဂါနှိမ်နင်းရေးစီမံချက် ကလည်း TB ၊ AIDS ငှက်ဖျားရောဂါစတဲ့ နာတာရှည်ကူးစက်ရောဂါများ ခံစားနေရတဲ့ပြည်သူတွေကို အခမဲ့ကုသပေးတဲ့ စီမံချက်လုပ်ငန်းတွေဖြစ်ပါတယ်။ ဆေးရုံလုပ်ငန်းစီမံချက်ကတော့ လောလောဆယ်မှာ စရိတ်မျှပေး ကျန်းမာရေးစနစ်နဲ့ ဆောင်ရွက်နေသော စီမံချက်ဖြစ်ပါတယ်။ စရိတ်မျှပေးဆိုပေမယ့် ဆင်းရဲနွမ်းပါး သူများကိုတော့ အခမဲ့ဆေးကုပေးကြောင်း ဆေးရုံတိုင်းမှာ စာတန်းရေးသားထားတာ တွေ့ရမှာဖြစ် ပါတယ်။ စေတနာအလှူရှင်များကလည်း ဆေးပဒေသာပင်မှာ အလှူငွေတွေ ပါဝင်လှူဒါန်းပြီး ဆင်းရဲနွမ်းပါးသူတွေအတွက် ဆေးကုသစရိတ်အဖြစ် အကျိုးပြုနေတာ တွေ့ရပါတယ်။ မြန်မာပြည် အရပ်ရပ်ရှိ စေတနာအလှူရှင်များကလည်း ဆေးရုံများဆောက်လုပ်လှူဒါန်းခြင်း၊ ဇီဝိတဒါနဆေးခန်း တွေ တည်ထောင်ကာ ဆင်းရဲနွမ်းပါးသူများကိုကူညီခြင်း၊ ဆေးပစ္စည်းကိရိယာများလှူဒါန်းခြင်း၊ ဆေးဝါးများ လှူဒါန်းခြင်း၊ လူနာတင်ကားတွေ လှူဒါန်းခြင်းစတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း မှာ တစ်ပိုင်းတစ်ကဏ္ဍကနေ ပါဝင်ပံ့ပိုးနေတာကို တွေ့ရပါတယ်။ တနည်းအားဖြင့်ပြောရရင် လက်ရှိ ကျန်းမာရေးစီမံချက်ဟာ မိမိနိုင်ငံနဲ့တော့ အဆင်ပြေနေသေးတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးအာမခံစနစ်ဟာ နိုင်ငံတကာ၊ နိုင်ငံတစ်ချို့ လက်ခံကျင့်သုံး နေတဲ့ ဆေးကုသခြင်း၊ ဝန်ဆောင်မှုပေးတဲ့စနစ်တစ်ခုဖြစ်ပါတယ်။ ပြည်သူတွေကသတ်မှတ်တဲ့ ငွေကြေး ကိုထည့်ဝင်ရတဲ့အတွက် တစ်ဦးချင်းရန်ပုံငွေရရှိနေဖို့လိုပါတယ်။ အာမခံအဖွဲ့အစည်းနဲ့ ဆေးကုသခြင်း

ဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းကြားမှာ သဘောတူကန်ထရိုက်များ လိုအပ်လာတော့မှာ ဖြစ်ပါတယ်။ အင်္ဂလန်၊ အမေရိကန်နိုင်ငံတွေမှာလို နိုင်ငံရဲ့စီးပွားရေးကလဲကောင်း၊ ပြည်သူတစ်ဦးချင်း ဝင်ငွေတွေက လုံလောက်နေတော့ သူတို့နိုင်ငံတွေမှာ အတိုင်းအတာတစ်ခုအထိ အဆင်ပြေနေတာတွေ့ရပါတယ်။ အဆင်ပြေတယ်ဆိုတာတောင်ပဲ အမေရိကန်နိုင်ငံမှာ ကျန်းမာရေးအာမခံထည့်ဝင်ငွေမရှိတဲ့ နိုင်ငံသားဆိုရင် အဆင့်မီဆေးရုံတွေမှာတက်ပြီး ဆေးကုသခွင့်မရကြပါဘူး။ မြူနီစပယ်ဆေးရုံလို့ခေါ်တဲ့ အဆင့်နိမ့်ဆေးရုံတွေမှာပဲ ခွဲခြားဆက်ဆံ ကုသတာကိုခံကြရတယ်လို့ လေ့လာသိရှိရပါတယ်။ အဆိုမှာပါတဲ့အတိုင်း ဝင်ငွေပုံမှန်ရရှိတဲ့အုပ်စု၊ ဝင်ငွေပုံမှန်မရှိတဲ့ ပျံ့ကျအလုပ်သမား၊ ရာသီအလိုက်ဝင်ငွေရသော တောင်သူလယ်သမားများအုပ်စု၊ ဆင်းရဲနွမ်းပါးသူများအုပ်စုတွေ အုပ်စုတွေ ခွဲပြီးတော့ သီခြားစီ ကျန်းမာရေးအာမခံစနစ်တွေ ဆောင်ရွက်ဖို့ဖော်ပြသွားတာကို သတိပြုမိလိုက်ပါတယ်။ ကျွန်တော်တို့ ယခုလက်ရှိဆောင်ရွက်နေတဲ့ National Health Plan ဟာ ဒီအုပ်စုသုံးမျိုးစလုံးကို ကျန်းမာရေးစောင့်ရှောက်ခြင်း လွှမ်းခြုံမှုပေးနိုင်နေတာကိုလည်း ယနေ့ မြင်တွေ့ရခြင်းဖြစ်ပါတယ်။ နှစ်ပေါင်း ၃၀ ကျော်ကတည်းက စတင်ရေးဆွဲခဲ့တဲ့စီမံချက်ဟာ ယခုအချိန်ထိရှင်သန်နေဆဲ ဖြစ်ပါတယ်။ စောစောက ဆရာကြီးပြောသလို Sustailable ဟာယခုအချိန်အထိရှိနေတုန်းပါပဲ လူမှုဖူလုံရေးဆေးပေးခန်းတွေကလည်း ကျန်းမာရေးစောင့်ရှောက်မှုတွေကို လုပ်သားတွေကို ပေးနေဆဲဖြစ်ပါတယ်။ ဒီနေရာမှာ အလျဥ်းသင့်လို့ ကျွန်တော်တို့ရဲ့ ကျန်းမာရေးဆေးကုသမှုစီမံချက်နဲ့ အိမ်နီးချင်းထိုင်းနိုင်ငံရဲ့ ကျန်းမာရေးဆေးကုသမှုစီမံချက် ကွာခြားမှုလေးတစ်ခုတင်ပြချင်ပါတယ်။ ထိုင်းနိုင်ငံမှာ ဘတ် ၃၀ ဆေးကုသရေးပေါ်လစီဆိုတာ ပေါ်ပေါက်ခဲ့ပါတယ်။ ပြည်သူတိုင်းဆေးကုမှုစရိတ် မည်မျှပင်ကုန်ကျစေ ဘတ် ၃၀ ပဲပေးရမယ်ဆိုပြီးတော့ ပြည်သူတွေဝမ်းသာအောင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါပေမယ့် နှစ်အနည်းငယ်အတွင်းမှပဲ အဖက်ဖက်က ရေရှည်စဥ်းစားတွက်ချက်မှုမရှိဘဲ ချမှတ်ဆောင်ရွက်ခဲ့တဲ့အတွက် ဒီစီမံချက်ဟာ ယခုအခါမှာ ရှင်သန်မှုမရှိတော့တာကို သင်ခန်းစာတစ်ခုအဖြစ်တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အရှေ့တောင်အာရှမှာရှိတဲ့ နိုင်ငံတချို့မှာ ကျန်းမာရေးအာမခံစနစ် ကျင့်သုံးနေကြတွေလည်း လေ့လာမယ်ဆိုရင် စီပွားရေးအခြေအနေကောင်းတဲ့နိုင်ငံတချို့မှာပဲ ကျန်းမာရေးအာမခံစနစ်တစ်ခုရဲ့အကျိုးကို ခံစားနေရတာတွေ့ရပါတယ်။ လွှမ်းခြုံမှုရာခိုင်နှုန်းကောင်းတာကို တွေ့ရပါတယ်။ ဥပမာ-ဝင်ငွေနည်းပါးတဲ့ လာအိုနိုင်ငံမှာဆိုရင် ပုံမှန်ဝင်ငွေရှိတဲ့အုပ်စု ၁၄ ရာခိုင်နှုန်းရှိတဲ့အနက် ၄ ရာခိုင်နှုန်းလောက်ပဲ ကျန်းမာရေးအာမခံလွှမ်းခြုံနိုင်ပါတယ်။ ပုံမှန်ဝင်ငွေမရှိတဲ့အုပ်စု ၅၉ ရာခိုင်နှုန်းရှိတဲ့အနက် ၂ ရာခိုင်နှုန်းပဲ ကျန်းမာရေး

အာမခံစနစ် လွှမ်းခြုံနိုင်ပါတယ်။ ဆင်းရဲနွမ်းပါးသူအုပ်စု ၂၇ ရာခိုင်နှုန်းရှိတဲ့အနက် ၂ ရာခိုင်နှုန်းပဲ ကျန်းမာရေးအာမခံစနစ် လွှမ်းခြုံနိုင်တာကို လေ့လာတွေ့ရှိရပါတယ်။ တစ်နိုင်ငံလုံးလူဦးရေရဲ့ ၈ ရာခိုင်နှုန်းသာ ကျန်းမာရေးအာမခံစနစ်ရဲ့ အကျိုးခံစားခွင့်ကိုရကြရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လောလောဆယ်ကျွန်တော်တို့နိုင်ငံမှာ တောင်သူလယ်သမားတွေအတွက် လယ်ယာလုပ်ငန်းခွင်မှာ မြွေဆိုးကိုက်ခံရရင် ဆေးကုသခံယူတဲ့အခါ နိုင်ငံတော်အစိုးရက စီမံပေးထားတဲ့ အာမခံစနစ်တစ်မျိုးရှိတာကို လေ့လာသိရှိရပါတယ်။ တောင်သူလယ်သမားတစ်ဦး သည်တစ်နှစ်လျှင် ၅၀၀ ကျပ်မျှ အာမခံထည့်ဝင်မယ်ဆိုရင် ဒီအာမခံစနစ်ရဲ့အကျိုးကို ခံစားခွင့်ရကြရမှာဖြစ်ပါတယ်။ ဥပမာ-မြွေကိုက်လို့ ဆေးရုံတက်ကုသရရင် ဆေးကုသစရိတ် ၈ သောင်းထက်မပိုသောငွေကို ခံစားခွင့်ရရမှာ ဖြစ်ပါတယ်။ သေဆုံးသွားရင်ကျပ်ငွေ ၅ သိန်း ကျန်ရစ်သူမိသားစုခံစားရမှာဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။ ဒီလိုခံစားမှုတွေပေးထားသော်လည်း ဒီအာမခံစနစ်ကို လက်ခံကျင့်သုံးတဲ့လယ်သမားဦးရေ အလွန်နည်းနေတာကို တွေ့ရပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် အာမခံစနစ်တစ်ခုထူထောင်မယ်ဆိုရင် ပြည်သူလူထုရဲ့ အသိပညာရှိမှုနဲ့ လက်ခံနိုင်မှုကလည်း အလွန်အရေးကြီးလှပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာဖော်ပြထားတဲ့ ကျန်းမာရေးအာမခံစနစ်ဟာ လက်ရှိအခြေအနေမှာ ကျွန်တော်တို့နိုင်ငံအတွက် လက်ခံကျင့်သုံးဖို့ စောသေးတယ်လို့ ထင်မြင်မိပါတယ်။ လက်ရှိကျန်းမာရေးစီမံချက်လုပ်ငန်းများကို ပိုမိုကောင်းမွန်လာအောင် သွင်းအားစုတွေထည့်လိုက်ရင် ဥပမာ-နိုင်ငံတော်မှ ကျန်းမာရေးအသုံးစရိတ် မြှင့်တင်ပေးတာတို့ Proper Utilization Of Pre-existing Resources ရှိပြီးသား Resources တွေကို စနစ်တကျအသုံးချတာတို့၊ စေတနာရှင်ပြည်သူများရဲ့ ထည့်ဝင်လှူဒါန်းငွေများနှင့် ကျန်းမာရေးဖောင်ဒေးရှင်းတွေ ထူထောင်ပေးတာတို့ Hospital Service ကို Promote လုပ်ပေးတာတို့ ဆေးရုံငွေပဒေသာပင်ကို အစိုးရကပံ့ပိုးထပ်ဖြည့်စိုက်ထည့်ပေးခြင်း စတဲ့လိုအပ်ချက်များကို ခေတ်နဲ့လျော်ညီစွာ ပြုပြင်ပြောင်းလဲ ဖြည့်ဆည်းဆောင်ရွက်ပေးမယ်ဆိုရင် ပြည်သူလူထုက လက်ခံနှစ်သက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ အချုပ်အားဖြင့် တင်ပြရပါလျှင် ရေမြင့်ရင်ကြာတင့်ဆိုသလို နိုင်ငံ၏စီးပွားရေး တိုးတက်တည်ငြိမ်လာတာနဲ့အမျှ ပြည်သူလူထုကလည်း မိမိတို့ကိုယ်တိုင် အာမခံပေါ်လစီကို ဝယ်ယူအသုံးပြုလာနိုင်မှာ ဖြစ်ပါတယ်။ ထိုအခါမှာ ပြည်သူလူထုကပင် ထိုအာမခံစနစ်ကို လက်ခံတောင့်တလာကြမှာ ဖြစ်ပါတယ်။ အဲဒီအချိန်ကျမှသာ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒဟူသောကြွေးကြော်သံနှင့်အညီ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးလိုက်ပါက ကျန်းမာရေးအာမခံစနစ်သည်

အခြေအနေနဲ့ အချိန်အခါကိုက်ညီလာပြီဖြစ်တဲ့အတွက် ပြည်သူတွေရဲ့မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့အတိုင်းဖြစ်လာမှာ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးကြည်မြင့်ရဲ့အဆိုသည် လက်ခံကျင့်သုံးရန် အချိန်မကျ ရောက်သေးပါကြောင်း ဆွေးနွေးတင်ပြအပ်ပါ တယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသန်းဝင်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ အားလုံးမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ဖြစ်ပါတယ်။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်ရဲ့အဆိုကို လက်တွေ့အောက်ခြေမှာဆောက်ရွက်မှု အတွေ့အကြုံများနှင့် ဆွေးနွေးမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက်ဟာ တောင်သူလယ်သမား၊ အလုပ်သမား၊ ပျံ့ကျလုပ်သားစတဲ့ အလွှာစုံအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသခြင်းကို ပူပင်ကြောင့်ကျမှုကင်းကင်းနဲ့ စနစ်တစ်ခုဆောင်ရွက်ဖို့ တင်သွင်းတဲ့အဆိုဖြစ်တာကြောင့် အခြေခံအလွှာစုံက ပြည်သူတွေဟာ စိတ်ဓာတ်ခွန်အား တိုးတက် စေမှာ ဖြစ်ပြီးတော့ ကြိုဆိုရမယ့်အဆို တစ်ခုလို့လည်း ထင်မြင်ယူဆမိပါတယ်။ သို့ရာတွင် ကျန်းမာရေး အာမခံပေါ်လစီ ထူထောင်ရန်အချက်ဟာ ဆက်စပ်နေတဲ့ဌာနတွေများသလို လက်တွေ့ဆောင်ရွက် ရာမှာ အခက်အခဲများစွာရှိကြောင်း ကိုယ်စားလှယ်တော်များသိရှိကြမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကိုယ်စားလှယ်များဟာ သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှာ မိမိတို့ရဲ့မဲဆန္ဒရှင်အလွှာစုံပြည်သူ များရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဌာန၊ မြို့မိမြို့ဖ စေတနာရှင်၊ အလှူရှင် များနဲ့ ပူးပေါင်းပြီး ဆေးပဒေသာပင်ရန်ပုံငွေထူထောင်ပေးရေး ကုသိုလ်ဖြစ်အခမဲ့ဆေးခန်းများဖွင့်ပြီး ဆောင်ရွက်နေကြတဲ့အခါမှာ အုပ်ချုပ်မှုကိစ္စ၊ စီမံခန့်ခွဲမှုကိစ္စ၊ ရန်ပုံငွေစုဆောင်းရရှိမှုကိစ္စများပါ ရေရှည်ဆောင်ရွက်နိုင်ဖို့အတွက် အခက်အခဲတွေ တွေ့နေရတာပဲဖြစ်ပါတယ်။ သာဓကတစ်ခုအနေဖြင့် ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ မြို့နယ်တိုင်းမှာ တာဝန်ရှိပုဂ္ဂိုလ်များရဲ့ ကူညီပံ့ပိုးပေးမှုနဲ့ တောင်သူများရဲ့မြွေကိုက်လူနာ အာမခံလုပ်ငန်းကို ဒေသဆိုင်ရာအာဏာပိုင်များ၊ သက်ဆိုင်ရာဌာန များနှင့် ပူးပေါင်းပြီးဆောင်ရွက်ခဲ့ပါတယ်။ တောင်သူတစ်ယောက်ဟာ မြွေကိုက်ခံရပြီဆိုလို့ရှိရင် အနည်းဆုံးကျပ် ၂ သိန်းမှ ၅ သိန်းအထိ ကုန်ကျမှုရှိပါတယ်။ အဲဒီလိုဆေးဝါးကုန်ကျမှုရှိတဲ့အခါမှာ တစ်ခါတစ်ရံ အသက်အန္တရာယ်ဆုံးရှုံးရသူတွေရှိပါတယ်။ ဒီလုပ်ငန်းကို အာမခံလုပ်ငန်းဌာနကနေ ပြီးတော့ တောင်သူများကို ကျယ်ကျယ်ပြန့်ပြန့်စည်းရုံးပြီးတော့ အဖွဲ့အစည်းများနဲ့ စည်းရုံးပြီးတော့

ဆောင်ရွက်ခဲ့သော်ငြားလည်းပဲ တောင်သူလယ်သမားအလွှာထုရဲ့အသိပညာ ဖွံ့ဖြိုးချက်အားနည်းမှု ကြောင့် ပူးပေါင်းပါဝင်မှုအားနည်းတာကို တွေ့ခဲ့ရပါတယ်။ သို့သော်လည်း ကျွန်တော်တို့ အဖွဲ့အစည်း များအနေနဲ့ ဒေသခံတောင်သူများရဲ့ အကျိုးစီးပွားအတွက် တတ်နိုင်သလောက်ဆောင်ရွက်ပေးရန် အလို့ငှာ မြွေကိုက်လူနာစောင့်ရှောက်ရေးအတွက် ဆေးဝါးစုဆောင်းခြင်း၊ ရန်ပုံငွေများထူထောင်ခြင်း၊ အလှူရှင်များ ရှာဖွေပြီးဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ လက်တွေ့မြွေကိုက်လူနာ တစ်ယောက်ဟာ အခုနလိုရေရှည်မှာ ဆေးရုံတက်စရိတ် နောက်အာမခံဌာနက သေဆုံးတဲ့အခါမှာ ပေးတဲ့ငွေကြေးတွေကို မမျှော်လင့်ဘဲ လက်တွေ့ဖြစ်ပေါ်တဲ့အခါမှာ လက်တွေ့ကူညီတာကိုပဲ သဘောကျနှစ်ခြိုက်တတ်တာ တွေ့ရတဲ့အတွက် ကျွန်တော်တို့ ဒီလုပ်ငန်းကို ဆောင်ရွက်ပေးနေတဲ့ အခါမှာ ဆေးဝါးကူညီပေးခြင်း၊ ငွေကြေးအထိုက်အလျောက် ပံ့ပိုးခြင်းဆောင်ရွက်ခဲ့တဲ့အတွက် ကုန်ကျမှု တောင်သူတစ်ဦးအတွက် သက်သာတာကို တွေ့ရှိလာရပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ အရပ်ဒေသတွေမှာ တစ်နေ့တည်းနဲ့ ရာသီအချိန်ပေါ်မူတည်ပြီးတော့ နှမ်းရိတ်သိမ်းချိန် ရာသီ၊ စပါးရိတ်သိမ်းရာသီမှာ သုံးဦးခန့်တစ်ပြိုင်တည်း တက်လာတာကို တွေ့ကြုံရသလို တစ်လ အတွင်းမှာ ၁၀ ဦး၊ ၁၅ ဦး ဖြစ်ပေါ်လာတာကိုလည်း တွေ့ရပါတယ်။ တစ်နှစ်လုံးအတိုင်းအတာအရ လူ၄၀၊ ၅၀ ဝန်းကျင်တွေမှာ တွေ့ရပါတယ်။ ဒီအခါမှာ ဆောင်ရွက်ပေးရတဲ့ အဖွဲ့ အစည်းအပါအဝင် အလှူရှင်များအနေနဲ့ ငွေကြေးလှူဒါန်းနိုင်ဖို့အတွက် အခက်အခဲရှိလာသလို နှစ်ရှည်လာတဲ့အခါမှာ ရေရှည်ဆောင်ရွက်ဖြစ်ဖို့ အခက်အခဲရှိလာကြောင်း တွေ့ကြုံခဲ့ရတာတင်ပြအပ်ပါတယ်။

အဆိုရှင်က ကျန်းမာရေးအာမခံပေါ်လစီစနစ်တစ်ခုထားပြီးတော့ အခုလိုဆောင်ရွက်နေကြတာ ပြည်သူလူထုအတွက် ဆောင်ရွက်နေကြတာ၊ စီးပွားဖွံ့ဖြိုးသည့်အချို့နိုင်ငံများမှာ ဆောင်ရွက်ပေးနေ ကြောင်း တင်ပြထားပါတယ်။ ကျွန်တော် နိုင်ငံဟာလည်းတကယ်တော့ နိုင်ငံတစ်နိုင်ငံရဲ့ ကျန်းမာရေး၊ ပညာရေး၊ အာကစား၊ လူမှုရေးလုပ်ငန်းများတိုးတက်ခြင်းဟာ နိုင်ငံစီးပွားရေးတိုးတက်ခြင်းရဲ့ အကျိုးဆက်များပဲ ဖြစ်တယ်လို့ယူဆပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံမှာလည်းအစိုးရသစ်ရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပပျောက်ရေးလုပ်ငန်းစဉ်များ နောက်နိုင်ငံသားတစ်ဦးချင်းရဲ့ ဝင်ငွေတွေ တိုးလာဖို့အတွက် ပြည်တွင်းပြည်ပအရင်းအနှီးတွေနဲ့ နိုင်ငံတော်ရဲ့ စီမံကိန်းကြီးများ ဆောင်ရွက်နေမှု ဟာလည်း နိုင်ငံတော်အတွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းတွေရပြီး ပြည်သူတွေဝင်ငွေပိုလာမှာပဲ ဖြစ်ပါတယ်။ နိုင်ငံတော်စီးပွားရေးအခြေအနေ တိုးတက်လာတာနဲ့အမျှ ပြည်သူလူထုရဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းဟာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်မှာဖြစ်ပြီး အလွှာစုံအတွက် လွှမ်းခြုံမှုဟာလည်း ပိုလာမယ်လို့ ကျွန်တော်တို့ ယုံကြည်ယူဆပါတယ်။ ဒါကြောင့် လသာမဲဆန္ဒနယ်၊

ဦးကြည်မြင့်ရဲ့ အမျိုးသားအဆင့်ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသခွင့်လုံခြုံရေးစီမံကိန်းဟာ နိုင်ငံတော်ပိုင်းမှာ ဆောင်ရွက်ရန်ရှိသည်များ ဆက်စပ်နေတဲ့ဌာနများရဲ့ ကျွမ်းကျင်မှုဆိုင်ရာစီမံခန့်ခွဲမှု ဆိုင်ရာကိစ္စရပ်များကို လေ့ကျင့်ပညာပေးခြင်း၊ အလုပ်ရှင်ဝင်ငွေရပြည်သူများရဲ့ ငွေကြေးထည့်ဝင်လာဖို့အတွက် စည်းရုံးဆောင်ရွက်ခြင်း၊ အခြေခံအလွှာရဲ့ ပြည်သူများရဲ့ ကျန်းမာရေးအသိပညာဖွံ့ဖြိုးမှု အတွေးအခေါ်များကို တိုးတက်ရှင်သန်လာစေရေးစတဲ့ အခြေခံလိုအပ်ချက်များကို ကြိုးစားဆောင်ရွက်ဆဲဖြစ်နေတာကြောင့်အဆိုကို ဆက်လက်ဆောင်ရွက်ဖို့ဟာ အချိန်ယူရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းများ ပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် အဆိုတင်သွင်းတဲ့ အမျိုးသားအဆင့်ကျန်းမာရေးစောင့်ရှောက်မှုဆေးကုသခွင့်လုံခြုံရေးစီမံကိန်းနဲ့ ပတ်သက်ပြီး ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ အဆိုတင်သွင်းတဲ့အဆိုရှင်ကိုရော၊ အဆိုကိုခွင့်ပြုပေးတဲ့ ဥက္ကဋ္ဌကြီးကိုရော၊ ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုရော ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကျေးဇူးတင်ရှိကြောင်း ပြောကြားချင်ပါတယ်။ အဲဒီတော့ ဒီဆေးကုသခွင့်လုံခြုံရေးစီမံကိန်းနဲ့ ပတ်သက်လို့ ကျွန်တော် နည်းနည်းလေး အခါတိုင်းအဖြစ်များထက် နည်းနည်းလေးအချိန်ယူပြီးတော့ ကျွန်တော့်ကို ဆွေးနွေးခွင့်ပြုပါ။ အခြေခံလိုအပ်ချက်အနေနဲ့ကတော့ အမျိုးသားအဆင့်ကျန်းမာရေးစောင့်ရှောက်မှုဆေးကုသခွင့် လုံခြုံရေးစီမံကိန်းတစ်ရပ်ထူထောင်ရန် အောက်ပါအချက်တွေ စိစစ်သုံးသပ်ဖို့လိုပါတယ်-

(၁) နိုင်ငံတော်ရဲ့စီးပွားရေးအခြေအနေ ဖြစ်ပါတယ်။

(၂) ကျွမ်းကျင်မှုနဲ့စီမံခန့်ခွဲရေးဆိုင်ရာစွမ်းရည်၊ ဒီစီမံကိန်းနဲ့ပတ်သက်လို့

(၃) စီမံကိန်းအတွက်အခွန်ဘဏ္ဍာငွေကောက်ခံရရှိနိုင်မှုအခြေအနေ

(၄) နိုင်ငံအတွင်းမှာရှိတဲ့ပြည်သူလူထုရဲ့ အလုပ်အကိုင်နဲ့ဝင်ငွေရရှိမှုအခြေအနေ

(၅) ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တဲ့ အခြေခံအဆောက်အအုံ ဒါတွေကို ကျွန်တော်တို့ စိစစ်သုံးသပ်ဖို့လိုတယ်လို့ ယူဆပါတယ်။

နိုင်ငံတော်ရဲ့စီးပွားရေးအခြေအနေနဲ့ ပတ်သက်လို့ပြောရရင် အမျိုးသားအဆင့်ကျန်းမာရေး စောင့်ရှောက်မှုဆေးကုသခွင့် လုံခြုံရေးစီမံကိန်းတစ်ခု ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံတော်ရဲ့ စီးပွားရေးအခြေအနေကောင်းမွန်ပြီးတော့ အစဉ်ဖွံ့ဖြိုးတိုးတက်နေဖို့ လိုအပ်ပါတယ်။ နံပါတ် (၂) အချက်ဖြစ်တဲ့ ကျွမ်းကျင်မှုနဲ့စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်နဲ့ပတ်သက်လို့ နံပါတ်(၁)အာမခံအဖွဲ့အစည်းနဲ့ ကျန်းမာရေးဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းတို့ကြား သဘောတူကန်ထရိုက်လိုပါတယ်။ အာမခံပေး မယ့်အဖွဲ့အစည်းနဲ့ ကျန်းမာရေးဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းကြားမှာ နားလည်မှုတွေလိုတယ်။ ဒီစည်းကမ်းတွေလိုတယ်ဆိုတဲ့သဘောပါ။ နံပါတ်(၂)အနေနဲ့ တစ်ဦးချင်းရဲ့ထည့်ဝင်ငွေကို သတ်မှတ်ရာ မှာ ဝင်ငွေပေါ်မှာ အခြေခံပြီးတော့ သတ်မှတ်မှာဖြစ်တဲ့အတွက် ဒီလူတစ်ယောက်ဟာ ဘယ်လောက် ဝင်လဲဆိုတာကို အကဲဖြတ်သတ်မှတ်တဲ့စနစ် ကတိကျခိုင်မာပြီးတော့ သေချာဖို့လိုပါတယ်။ နံပါတ်(၃) အနေနဲ့ကတော့ အာမခံအဖွဲ့အစည်းနဲ့ကျန်းမာရေး ဝန်ဆောင်မှုပေးတဲ့အဖွဲ့အစည်းတို့ရဲ့ လုပ်ငန်း ဆောင်တာများကို စဉ်ဆက်မပြတ်ကြီးကြပ်ကွပ်ကဲပြီးတော့ သူတို့နဲ့ပတ်သက်တဲ့သတင်းအချက်အလက် မှတ်တမ်းများကို ထိန်းသိမ်းထားဖို့လည်း လိုပါတယ်။ ပြီးတော့ အမျိုးသားအဆင့်ကျန်းမာရေး စောင့်ရှောက်မှုဆေးကုသခွင့် လုံခြုံရေးစီမံကိန်းဟာ ရိုးရိုးရှင်းရှင်းလွယ်လွယ်ကူကူလုပ်လို့ရတဲ့ စီမံကိန်းတစ်ရပ်၊ လုပ်ငန်းစဉ်တစ်ရပ်မဟုတ်တဲ့အတွက် ကျွမ်းကျင်မှုနဲ့ စီမံခန့်ခွဲမှုစွမ်းရည်တွေ လိုအပ်ပြီးတော့ ဒါတွေကို ဆောင်ရွက်နိုင်ဖို့အတွက်လည်း ကနဦးမှာငွေကြေးကျခံသုံးစွဲနိုင်ဖို့လည်း လိုအပ်ပါတယ်။

တတိယအချက်ဖြစ်တဲ့ စီမံကိန်းအတွက် အခွန်ဘဏ္ဍာကောက်ခံရရှိမှုအခြေအနေကို သုံးသပ် ရမယ်ဆိုရင် စီမံကိန်းအတွက် ရန်ပုံငွေကို အလုပ်ရှင်၊ အလုပ်သမားတို့ရဲ့ သတ်မှတ်အချိုးကျ ထည့်ဝင်ငွေအပေါ်မှာ အခြေခံပြီးတော့စုစည်းရမှာ ဖြစ်ပါတယ်။ လစာဝင်ငွေ နည်းပါးတဲ့အခြေအနေမျိုး မှာ အလုပ်သမားများထံမှ လုံလောက်သောထည့်ဝင်ငွေ ရရှိရန်ခက်ခဲပါတယ်။ အလုပ်ရှင်တွေအနေနဲ့ လည်း သူတို့ထည့်ဝင်ရမယ့် ဝင်ငွေလျော့နည်းစေဖို့အတွက် အလုပ်သမားခန့်ထားနိုင်မှုဦးရေကို ကန့်သတ်လာနိုင်မှုများ ကန့်သတ်လာနိုင်တာတွေရှိတဲ့အတွက် အလုပ်သမားတွေအတွက် အလုပ်အကိုင်ရရှိမှုအခွင့်အလမ်း အဟန့်အတားဖြစ်စေနိုင်ပါတယ်။ တကယ်လို့ အဲဒီအလုပ်သမား အများစုဟာ အစိုးရဝန်ထမ်းများဖြစ်ခဲ့ရင်တော့ စီမံကိန်းရဲ့အဓိကဝင်ငွေဟာ အစိုးရရဲ့ထည့်ဝင်ငွေ အပေါ်မှာ မှီခိုနေရမှာဖြစ်တဲ့အတွက် အစိုးရရဲ့ အသုံးစရိတ်ပိုမိုပြီးတော့ ကြီးထွားလာနိုင်တာရှိပါတယ်။

စတုတ္ထအချက်အနေနဲ့ နိုင်ငံအတွင်း အလုပ်အကိုင်ရရှိမှုနဲ့ ဝင်ငွေရရှိမှုအခြေအနေကိုသုံးသပ်တဲ့ အခါမှာ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံများမှာ လူအများစုသည် ပုံမှန်မဟုတ်တဲ့လုပ်ငန်း Non Formal

Or In Formal လုပ်ငန်းတွေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်နေကြတာ ဖြစ်တဲ့အတွက် ပုံမှန်ဝင်ငွေ မရှိဘဲနဲ့ ရာသီအလိုက်သာ ဝင်ငွေရှိတဲ့အတွက် ထည့်ဝင်ငွေပုံမှန်ထည့်ဝင်နိုင်ဖို့ အခက်အခဲတွေရှိပါတယ်။ ပျံ့ကျဲလုပ်သားတွေဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ထည့်ဝင်ငွေတောင်းခံရန် အခက်အခဲရှိမှာဖြစ်ပါတယ်။ ပဋ္ဌမအချက်အနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တဲ့အခြေခံ အဆောက်အအုံနဲ့ ပတ်သက်လို့သုံးသပ်ရမယ်ဆိုရင် တကယ်လို့ ဆေးဝါးကုသမှုအတွက် သတ်မှတ်ထည့်ဝင်ငွေထည့်ပြီး ထားပြီဆိုရင် ကာယကံရှင်က သူရဲ့နည်းလမ်းကျတဲ့ မျှော်လင့်တောင်းဆိုတဲ့ဝန်ဆောင်မှု သူမျှော်လင့်ထားတဲ့အတိုင်း ကျန်းမာရေးဌာနဘက်က ဝန်ဆောင်မှုပေးနိုင်စွမ်းရှိဖို့ လိုအပ်လာမှာပဲဖြစ်ပါတယ်။

အဲဒီတော့ခုနကပြောတဲ့ အချက်ငါးချက်နဲ့ပြည့်စုံတဲ့အတွက်ကြောင့်မို့လို့ ကျန်းမာရေးအာမခံစနစ် Social Health Insurance ကို အောင်အောင်မြင်မြင် ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံများကို လေ့လာမယ်ဆိုရင် အာမခံစနစ်ကို စတင်တဲ့အချိန်ကနေစပြီးတော့ တစ်နိုင်ငံလုံးကို လွှမ်းခြုံတဲ့ကာလက ကျွန်တော်တို့ ဂျာမနီနိုင်ငံမှာဆိုရင် ၁၂၇ နှစ်ကြာခဲ့ပါတယ်။ တစ်နိုင်ငံလုံး လွှမ်းခြုံဖို့။ ဘယ်လဂျီယံနိုင်ငံမှာ ၁၁၈ နှစ်ကြာခဲ့ပါတယ်။ ဩစတြီးယားနိုင်ငံ မှာ ၇၉ နှစ်ကြာခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာ ၃၆ နှစ်ကြာခဲ့ပါတယ်။ တောင်ကိုရီးယားမှာ ၂၆ နှစ် ကြာခဲ့ပါတယ်။ ကျွန်တော်တို့နဲ့ အိမ်နီးနားချင်း အရှေ့တောင်အာရှနိုင်ငံတွေရဲ့ အတွေ့အကြုံတွေကိုလေ့လာ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ လူအင်အားကို အုပ်စုသုံးစုခွဲပြီးတော့ အကောင်အထည်ဖော်နေတာကို တွေ့ရမယ်။ ပုံမှန်ဝင်ငွေရှိတဲ့ အလုပ်သမားအုပ်စု Formal Sector ပေါ့၊ နောက်တစ်ခုက ပုံမှန်ဝင်ငွေ မရှိဘဲနဲ့ ရာသီအလိုက်ဝင်ငွေရတဲ့ တောင်သူလယ်သမားများနဲ့ ပျံ့ကျဲလုပ်ကိုင်စားသောက်လုပ်ကိုင်သူများအုပ်စု Informal Sector ပေါ့၊ နောက်တစ်ခုကတော့ အဲဒီနှစ်ခုလုံးမှာမပါဝင်တဲ့ အမှန်တကယ်ကို ဆင်းရဲနွမ်းပါးမှုအုပ်စု၊ ဒီအုပ်စုသုံးစုခွဲပြီးတော့ စောင့်ရှောက်မှုလုပ်ငန်းတွေ လုပ်နေတာတွေ့ရပါတယ်။ အဲဒီတော့ အိမ်နီးနားချင်း ထိုင်းနိုင်ငံမှာ ကြည့်မယ်ဆိုရင် ပုံမှန်ဝင်ငွေရရှိတဲ့ အုပ်စုက ၂၇ ရာခိုင်နှုန်းရှိပါတယ်။ အဲဒီထဲမှာ ၂၅ ရာခိုင်နှုန်းကို သူတို့စောင့်ရှောက်မှုပေးပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ အုပ်စုက ၉ ရာခိုင်နှုန်းရှိတဲ့အတွက် ၉ ရာခိုင်နှုန်းစလုံးကို သူတို့အာမခံစနစ်လွှမ်းခြုံမှုရှိပါတယ်။ ပုံမှန်ဝင်ငွေမရှိတဲ့ Informal Sector ၆၄ ရာခိုင်နှုန်းရှိတဲအထဲမှာ ၆၄ ရာခိုင်နှုန်း ပေးတဲ့အတွက် ထိုင်းနိုင်ငံအနေနဲ့ အာမခံစနစ်တစ်မျိုးမျိုးနဲ့ လွှမ်းခြုံအကောင်အထည်ဖော်တဲ့ ဦးရေဟာ ၉၈ ရာခိုင်နှုန်းရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဖိလစ်ပိုင်မှာ ကြည့်မယ်ဆိုရင်တော့ ပုံမှန်ဝင်ငွေရတဲ့ ၂၂ ရာခိုင်နှုန်းထဲက ၂၂ ရာခိုင်နှုန်းရှိတဲ့အခါမှာ အဲဒီထဲကနေပြီးမှ ၃၅ ရာခိုင်နှုန်း ကိုလွှမ်းခြုံမှုရှိပါတယ်။ ဆင်းရဲတဲ့သူ ၃၃ ရာခိုင်နှုန်းရှိပြီး အဲဒီထဲကမှ ၁၈ ရာခိုင်နှုန်းကိုပဲ လွှမ်းခြုံမှုပေးနိုင်ပြီးတော့

ပုံမှန်ဝင်ငွေမရှိတဲ့ Informal Sector ၄၅ ရာခိုင်နှုန်းထဲကနေပြီးတော့ ၂၃ ရာခိုင်နှုန်းကို လွှမ်းခြုံ အကောင်အထည်ဖော်ထားတာတွေ့ရပါတယ်။ အင်ဒိုနီးရှားမှာတော့ ပုံမှန်ဝင်ငွေရရှိသူ ၁၆ ရာခိုင်နှုန်း အနက် ၁၅ ရာခိုင်နှုန်းကိုလည်းကောင်း၊ ဆင်းရဲနွမ်းပါးတဲ့ ၂၀ ထဲကမှ ၂၀ စလုံးကိုလည်းကောင်း၊ ပုံမှန်ဝင်ငွေမရှိတဲ့ ၆၄ ရာခိုင်နှုန်းထဲမှ ၁၃ ရာခိုင်နှုန်းကိုလည်းကောင်း လွှမ်းခြုံအကောင်အထည် ဖော်ပြီးဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးလူဦးရေအနေနဲ့ ၄၈ ရာခိုင်နှုန်းကို ကျန်းမာရေးအာမခံစနစ်တစ်ခုခု လွှမ်းခြုံပြီးသားဖြစ်နေတာတွေ့ပါတယ်။

ဗီယက်နမ်နိုင်ငံမှာတော့ ပုံမှန်ဝင်ငွေရှိတဲ့သူ ၁၃ ရာခိုင်နှုန်းစလုံးကို သူတို့လွှမ်းခြုံမှုရှိပါတယ်။ ဆင်းရဲနွမ်းပါးသူ ၁၄ ရာခိုင်နှုန်းမှာလည်း ၁၄ ရာခိုင်နှုန်းစလုံးကို လွှမ်းခြုံမှုရှိပြီးတော့ ပုံမှန်ဝင်ငွေ မရှိတဲ့ Informal Sector ၇၃ ရာခိုင်နှုန်းနဲ့ ၂၈ ရာခိုင်နှုန်းကို လွှမ်းခြုံမှုရှိပြီးတဲ့အတွက် တစ်နိုင်ငံလုံး လူဦးရေနဲ့ ကြည့်မယ်ဆိုရင် ၅၅ ရာခိုင်နှုန်းဟာ ကျန်းမာရေးအာမခံစနစ်တစ်ခုခု အကျိုးခံစားခွင့် ရှိပါတယ်။ အဲဒီတော့ ဒီကျန်တဲ့ လာအိုမှာဆိုလို့ရှိရင် ပုံမှန်ဝင်ငွေ ၁၄ ရာခိုင်နှုန်းနဲ့ ၄ ရာခိုင်နှုန်း ဆင်းရဲ ၂၇ အနက် ၂ ရာခိုင်နှုန်း ပုံမှန်ဝင်ငွေမရှိတဲ့သူနဲ့ ၂ ရာခိုင်နှုန်းနဲ့ ဆိုတော့ over hard ကတော့ တစ်နိုင်လုံးရဲ့ ၈ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ပါတယ်။ ကမ္ဘောဒီးယား မှာတော့ ခုနလိုတစ်နိုင်ငံလုံးရဲ့၂၄ ရာခိုင်နှုန်းကို အာမခံစနစ်လွှမ်းခြုံပြီးသားဖြစ်တာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံ အခြေအနေကိုကြည့်မယ်ဆိုရင် ဒီအလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ကနေ ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေအရ အကျုံးဝင်တဲ့ စက်ရုံ၊ အလုပ်ရုံပိုင်းမှ အလုပ်သမားများအတွက်သာ ရှိတဲ့အတွက် တစ်နိုင်ငံလုံးလူဦးရေ ၁ ရာခိုင်နှုန်းခန့်ကိုပဲ အကျိုးခံစား ခွင့်ရှိတာကိုတွေ့ရပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂၉ ကနေ ၃၁ အထိပြုလုပ်ကျင်းပခဲ့တဲ့ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး၊ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကနေပြီးတော့ ကျန်းမာရေး ဝန်ဆောင်မှုစရိတ် မြင့်မားနေမှုကြောင့် ပြည်သူလူထုအတွင်း ငွေကြေးကြုံခိုင်မှု ဝန်ထုပ်ဝန်ပိုးကြီးမား ခြင်းကိုကာကွယ်နိုင်ရန် သင့်လျော်သောကျန်းမာရေးအာမခံစနစ်များနဲ့ ဆင်းရဲနွမ်းပါးသူများအတွက် လူမှုကျန်းမာရေးကာကွယ်ပေးရေးအစီအစဥ် Social Health Protection များ ဖော်ထုတ်နိုင်ရေးကို စဥ်းစားတွန်းအားပေး ဆောင်ရွက်နိုင်ရန်၊ ဒါပညာရှင်များကတော့ ထောက်ခံထားပါတယ်။ ကျန်းမာရေး ဝန်ကြီးဌာနအနေနဲ့ ဆင်းရဲနွမ်းပါးသူများအတွက် မြို့နယ်အခြေပြု လူထုကျန်းမာရေးအာမခံ Social Health Protection စနစ် အစပျိုး ဆောင်ရွက်နိုင်ရန်အတွက် Fesibility Study ပေါ့။ ၂၀၁၁ ခုနှစ်အတွင်းမှာ စလုပ်ဖို့ရှိပါတယ်။ အဲဒီ လေ့လာတွေ့ရှိချက် အခြေခံအချက်များပေါ်မှာ မူတည် ပြီးတော့ မြန်မာနိုင်ငံနဲ့လိုက်လျောညီထွေရှိတဲ့ မြို့နယ်အခြေပြု လူမှုကျန်းမာရေးစနစ်ကို စမ်းသပ်

ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ဟာ ဒီ Fesibility Study တို့ Pilot Study တို့လုပ်တဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံက ဒီ Hemogenus မဖြစ်ဘူး။ တသားတည်းမဟုတ်ဘူး။ တောင်ပေါ်ဒေသတွေရှိတယ်။ မြေပြန့်ဒေသတွေရှိတယ်။ ကမ်းရိုးတန်းရှိမယ်။ မြစ်ဝကျွန်းပေါ်ရှိမယ်။ မြို့နယ်တစ်မြို့နယ်နဲ့ တိုင်းတစ်တိုင်း၊ ပြည်နယ်တစ်ပြည်နယ်မှာ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေအနေတွေဟာ တူညီတာမဟုတ်တဲ့ အတွက် ဒီစမ်းသပ်မြို့နယ် တစ်နယ်၊ နှစ်နယ်မှာ အောင်မြင်ရုံနဲ့ တစ်ပြည်လုံးမှာလုပ်လို့ရပြီဆိုတဲ့ အာမခံချက်မျိုးလည်းမရှိတဲ့ အတွက် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပြီးမှ လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ အဲဒီတော့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အထဲမှာ ပြည်သူအားလုံးအာမခံပေါ်လစီဝယ်ယူရခွင့်ရရှိပြီး ထူထောင်တဲ့စနစ်နဲ့ ပတ်သက်ပြီးတော့လည်း ငွေကြေးတတ်နိုင်သူများအတွက်ကတော့ ဒီစနစ်ကထူထောင်လို့ ဖြစ်နိုင်ပါလိမ့်မယ်။ ပုံမှန်လခရရှိတဲ့ လုပ်သားများအတွက် နှစ်စဉ်၊ လစဉ်ဝင်ငွေကို အလုပ်ရှင်ဖြစ်တဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်ပဲဖြစ်ဖြစ် အစိုးရ တို့က ထပ်ဆောင်းပေးတဲ့ရန်ပုံငွေနဲ့ ထူထောင်တဲ့စနစ်နဲ့ပတ်သက်ပြီးတော့ လက်ရှိအလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့က ဆောင်ရွက်လျက်ရှိတဲ့ လူမှုဖူလုံရေးအစီအစဉ်ကို လက်ရှိလွှမ်းခြုံဖို့ အနေအထားကနေ အစိုးရဝန်ထမ်းနဲ့ မှီခိုသူများအတွက် လွှမ်းခြုံကာကွယ်ပေးနိုင်တဲ့အထိ အဆင့်ဆင့် အချိန်ယူပြီးတော့ တိုးချဲ့ဆောင်ရွက်နိုင်မယ်ဆိုရင်လည်း ဖြစ်နိုင်ချေရှိပါတယ်။ အလုပ်မရှိသေးတဲ့သူ၊ ရာသီအလိုက်ဝင်ငွေရတဲ့ တောင်သူလယ်သမားများ အလုပ်မမှန်၊ ပျံကျလုပ်ကိုင်စားသောက်သူများ အတွက် အစိုးရနဲ့ပုဂ္ဂလိကအဖွဲ့အစည်းများက ယာယီစိုက်ထုတ်ထူထောင်တဲ့စနစ်များ သီးခြားထူထောင်ပြီးတော့ ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်သွားရန်နဲ့ ပတ်သက်ပြီးတော့ ဒီပြည်သူလူထုအခြေပြု ကျန်းမာရေးအာမခံစနစ်ကို ဒီအစိုးရကရော စေတနာရှင်လူမှုရေးအဖွဲ့အစည်းများ ပံ့ပိုးပေါင်းစပ်ပြီးတော့ တကယ့်တကယ်ကျတော့ ဘာတွေပဲလုပ်လုပ်၊ တကယ့် အဆင်းရဲဆုံး အုပ်စုကိုတော့ အပြည့်အဝ အစိုးရကဖြစ်စေ၊ အဖွဲ့အစည်းများကဖြစ်စေ တာဝန်ယူဆောင်ရွက်ရမယ့်အခြေအနေမျိုးပဲ ဖြစ်နေပါတယ်။ အဲဒီတော့ တစ်မျိုးသားလုံးအတွက် ကျန်းမာရေးအာမခံစနစ် လွှမ်းခြုံမှုရရှိနိုင်ရန်အတွက် ဒီအခြေခံ လိုအပ်ချက်တွေကို ပြည့်စုံအောင်ဆောင်ရွက်ပြီးတော့ အထက်ဖော်ပြပါ နည်းလမ်းများနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒါတစ်မျိုးစီတစ်မျိုးစီ၊ အုပ်စုအလိုက်တော့ လွှမ်းခြုံသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ခုနက ပြောခဲ့သလိုပဲ ကျွန်တော်တို့က ဒီဟာတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ဖြည့်ဆည်းရမယ့် ဆရာကြီးဦးမောင်မောင်ဝင့် ဆွေးနွေးခဲ့သလိုပဲ အခြေခံ အချက်အလက်တွေက Peservative တွေက တည်ဆောက်ဖို့ လိုနေပါတယ်။ ကျွန်တော်တို့

ဒီစီမံကိန်းတွေဟာ ဆိုလို့ရှိရင်လည်း ကျန်းမာရေးဌာန တစ်ခုတည်းမဟုတ်ပဲနဲ့ ကျန်းမာရေးမှာလည်း အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍာရှိသလို အခြားအခြားသောအာမခံလုပ်ငန်း၊ ဘဏ်လုပ်ငန်း လူမှုဖူလုံရေးအဖွဲ့၊ ရှေ့နေချုပ်ရုံး၊ လူမှုရေးအသင်းအဖွဲ့များ စတဲ့အဖွဲ့အစည်းတွေ ပါဝင်ရမှာဖြစ်တဲ့အပြင် ဒီအဖွဲ့အစည်းတွေနဲ့ အကျေအလည် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်တဲ့အပြင် ကျွန်တော်တို့ လုပ်နေတဲ့ ကျန်းမာရေးဆေးကုသခွင့် လုံခြုံရေးစီမံကိန်းဆိုတာ နိုင်ငံတစ်ခုလုံးရဲ့ အတိုင်းအတာနဲ့ လုပ်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကအစ၊ နိုင်ငံတော်ဖွံ့ဖြိုးရေးစီမံကိန်းများနဲ့ပါ အံ့ဝင်ခွင်ကျ ဖြစ်ရမှာဖြစ်တဲ့အတွက် ယခုအချိန်မှာတော့ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်း ဒီစောင့်ရှောက်ရေးလုပ်ငန်းများသည် မူအရလုပ်ဆောင်သင့်ပေမယ့် လောလောဆယ်မှာတော့ အချိန်မကျသေးတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီအခြေခံများကို ဖြည့်ဆည်းဖို့ကို အဓိကထားပြီး လုပ်ဆောင်ရမှာ ဖြစ်တဲ့အတွက်ကြောင့်မို့ ဒီစီမံကိန်းကတော့ အချိန်ယူပြီး စဉ်းစားလုပ်ဆောင်ရမှာ ဖြစ်တဲ့အတွက်ကြောင့်မို့ ဒါတင်ပြလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနဲ့ပတ်သက်ပြီး အဆိုပြုတင်သွင်းတဲ့ ဦးကြည်မြင့်အဆိုပေါ်မူတည်ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီထက်ပိုပြောမယ်ဆိုရင် သက်ဆိုင်ရာကျန်းမာရေးနဲ့ သက်ဆိုင်တဲ့ပညာရှင်ကြီးများ ဝင်ရောက်ဆွေးနွေးတဲ့အတွက် ကျွန်တော်တို့မသိသေးတဲ့ အကြောင်းအရာ၊ အချက်အလက်များ များစွာသိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ အဆိုတင်သွင်းသူရော၊ ဝင်ရောက်ဆွေးနွေးပေးတဲ့ ပုဂ္ဂိုလ်များရော၊ ပြည်ထောင်စုဝန်ကြီးရော လွှတ်တော်ကကျေးဇူးတင်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာ ပါဝင်ဆွေးနွေးတဲ့သူအားလုံးရဲ့ သဘောထားကို ကျွန်တော်သုံးသပ်ရသလောက်ဆိုလို့ရှိရင် အဆိုဟာမူဝါဒအားဖြင့် လက်ခံသင့်တယ်။ သို့ရာတွင် အချိန်မကျရောက်သေးဘူး။ စောသေးတယ်။ ဒါကြောင့်မို့လို့ အချိန်ကျရောက်မှပဲ ဆောင်ရွက်သင့်တဲ့ အဆိုဖြစ်တယ်လို့ ဒီလိုနားလည်ပါတယ်။ ဒါကိုအကြမ်းဖျင်းနားလည်ထားတဲ့သဘောနဲ့ ပြောမယ်ဆိုရင် ဆန္ဒနဲ့ဘဝတစ်ထပ်တည်းကျဖို့ လိုပါတယ်။ အဲဒီတော့ ဆန္ဒနဲ့ဘဝနဲ့အချိန်နဲ့ တစ်ထပ်တည်း မကျသေးဘူးဆိုရင် အချိန်တစ်ခုစောင့်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ဆရာကြီးမောင်မောင်ဝင့်ဆွေးနွေးသွားသလို ပြန်ကြည့်မယ်ဆိုလို့ရှိရင် အလှမ်းကျယ်၊ အလယ်လပ် ဒုက္ခရောက်တတ်တယ်ဆိုတဲ့စကား နောက်တစ်ခါ မမှီတဲ့ပန်း တုံးခုလို့လှမ်း သို့မဟုတ်ဆိုလို့ရှိရင် တံချူနဲ့ချူဆိုတဲ့နေရာမှာ ဒီပန်းကိုချူဖို့အတွက် တုံးရှာရမယ်။ တံချူရှာရမယ်။ ဒါတွေ ပြင်ဆင်ဖို့ လိုတယ်ဆိုတဲ့ သဘောလည်းပါပါတယ်။ အခြားအခြားပုဂ္ဂိုလ်များကလည်း ဒီလိုပဲ သဘောသက်ရောက်တဲ့ဆွေးနွေးမှု

များလည်း ကြားလိုက်ရပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးသွားတဲ့ ပုဂ္ဂိုလ်များရဲ့ ဆွေးနွေးမှုကို ခြုံငုံပြီးတော့ အတိုချုပ်ပြောရမယ်ဆိုလို့ရှိရင် မူဝါဒအားဖြင့် လက်ခံသင့်သော်လည်း အချိန်အခါအခြေအနေအရ ဆောင်ရွက်လို့မသင့်သေးတဲ့ အဆိုတစ်ခုဖြစ်တယ်ဆိုတာကိုလည်း ပြည်ထောင်စုဝန်ကြီးအနေနဲ့ မိမိတို့နိုင်ငံရဲ့ စီးပွားရေးအခြေအနေ ပြီးတဲ့အခါမှာ စီမံခန့်ခွဲမှုနဲ့ ကျွမ်းကျင်မှုအပိုင်း၊ ပြီးတဲ့အခါမှာ အလုပ်အကိုင်နဲ့ အလုပ်အကိုင်ရရှိမှု၊ ကျန်းမာရေးစောင့်ရှောက် ပေးရမယ့် အဖွဲ့အစည်းများရဲ့ အခြေအနေများကို ဒီလိုဆွေးနွေးပြီးတဲ့အခါမှာ သုံးသပ်ဆောင်ရွက် သွားတာလည်းရှိပါတယ်။ ဒါကြောင့်မို့ အချုပ်ပြောမယ်ဆိုရင်တော့ မူအားဖြင့် လက်ခံသင့်တာ ဖြစ်သော်လည်း အချိန်အခါ၊ အခြေအနေအရ စောလွန်းသေးလို့ အချိန်တစ်ခုယူရမယ်ဆိုတဲ့ အနေအထား မိမိတို့ ဒီလိုပဲကြားမိပါတယ်။ ဒါကြောင့် တင်ပြတဲ့အဆိုရှင်ကိုလည်း ဒီလိုအဆို တင်လိုက်တဲ့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ ဆွေးနွေးသွားတဲ့ကျွန်တော်တို့အတွက် များစွာ ဗဟုသုတလည်း ရပါတယ်။ ဒါ့ကြောင့် အဆိုရှင် ဦးကြည်မြင့်ရဲ့သဘောထားလည်းသိလို ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်ရဲ့ အဆိုကို ပါဝင်ဆွေးနွေးခဲ့ကြတဲ့ လုပ်ဖော်ကိုင်ဖက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦးနဲ့တကွ ပြည်ထောင်စုဝန်ကြီး ပြန်လည်ဆွေးနွေးခဲ့တာတွေကို ကျွန်တော်နားဆင်ရတဲ့အတွက်ကြောင့် ကျွန်တော် တော်တော်လေးလည်း နှစ်ထောင်းအားရဖြစ်မိပါတယ်။ ကျွန်တော့်အနေနဲ့က ဒီလောက်ထိ လေးလေးနက်နက် ပြန်လည်ဝင်ရောက်ဆွေးနွေးပေးမယ်လို့ အခုလိုမမျှော်လင့်ခဲ့ပါဘူး။ ကျွန်တော့်အနေနဲ့ စီးပွားရေးရှုထောင့်၊ စီးပွားရေးပညာရှင်တစ်ယောက် ရဲ့ရှုထောင့်အနေနဲ့ ကျွန်တော်ပြောစရာ၊ ဆိုစရာရှိတာကို ကျွန်တော့်အနေနဲ့ အများပြည်သူကိုရော၊ ပြည်သူ့လွှတ်တော်ကိုရော ကျွန်တော် တင်ပြ စရာရှိတာ တင်ပြရမယ်ဆိုတဲ့တာဝန်ကို ခံယူချက် လည်းရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဈေးကွက်စီးပွားရေးနိုင်ငံ၊ ဒီမိုကရေစီနိုင်ငံထူထောင် မယ်ဆိုရင် ကျွန်တော့်အနေနဲ့ကတော့ မလွဲမသွေဖြတ်သန်းရမယ်၊ ရင်ဆိုင်ရမယ့်၊ ရောက်ရှိရမယ့် အဆင့် ကမ္ဘာကြီးကရှိပါတယ်။ ဒါကျွန်တော်တို့ စီးပွားရေးပညာမှာသုံးတဲ့ စကားကတော့ စီးပွားရေးအမျိုးနွယ် လူသားများကျင်လည်ရမယ့်ကမ္ဘာ၊ ကျွန်တော်တို့အားလုံးဟာ စီးပွားရှာမှ စားဝတ်နေရေးပြေလည်မယ်။ ကျန်းမာရေး၊ချမ်းသာရေး အဝဝပြည့်စုံမယ်ဆိုတဲ့ သတ္တဝါ အမျိုးအစားပါ။ အဲဒီတော့ ကျွန်တော်တို့က စီးပွားရေးကို ရှောင်လို့မရဘူး။ ကျန်းမာရေးဆိုလို့ရှိရင်လည်းပဲ ဒါနိုင်ငံတော်ကိုမျှော်လင့်ပြီးတော့

နေရုံနဲ့မပြီးဘူး။ နိုင်ငံတော်ကို မျှော်လင့်တယ်ဆိုတဲ့နေရာမှာမှ နိုင်ငံတော်ကလည်းပဲ စီးပွားရေးသမားတွေ စီးပွားရှာတဲ့အပေါ်မှာ အခွန်အကောက်ယူခြင်းက တစ်ဆင့်သာလျှင် ပြန်လည်၍ ကျန်းမာရေးစောင့်ရှောက်ခြင်းသာ ဖြစ်တယ်။ အဲဒီတော့ကာ ဈေးကွက်စီးပွားရေးမှာ ကျတဲ့အခါကျတော့ ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးဆိုတာက အများစုဖြစ်နေပါတယ်။ အဲဒီတော့ ဈေးကွက်စီးပွားရေးဖန်တီးပေးတဲ့အခါကျတော့လည်း ဒီနိုင်ငံတော်ကိုချည်း အားကိုးတယ်ဆိုတဲ့ ပုံစံမျိုးကနေပြီးတော့ ကိုယ့်အချင်းချင်းလက်တွဲပြီးတော့၊ ကိုယ့်အချင်းချင်းဖေးမပြီးတော့ ဈေးကွက်မှာလိုအပ်မယ့် ကျန်းမာရေးစောင့်ရှောက်မှုပုံစံ၊ အာမခံစနစ်ပုံစံ၊ ငွေကြေးဈေးကွက်ပုံစံ၊ စုဆောင်းငွေကို ပွားများအောင် လုပ်ပေးတဲ့ပုံစံစသည်ဖြင့် ဈေးကွက်စီးပွားရေးနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ခေတ်မီတိုးတက်တဲ့ပုံစံတွေ အများကြီးရှိမှ လိုကိုလိုအပ်တယ်။ အဲဒါကို တည်ဆောက်ပြီးတော့ အဲဒီပတ်ဝန်းကျင်ထဲမှာ ကျွန်တော်တို့က ကျင်လည်တတ်ဖို့လိုတယ်ဆိုတဲ့ အနေအထားတွေ အများကြီးရှိတယ်။ ဒါဆိုရှယ်လစ်ခေတ်မှာကတည်းက ကျွန်တော်ကလည်း စီးပွားရေးပညာကို လေ့လာခဲ့တဲ့နေရာမှာ စဉ်းစားကြည့်တဲ့အခါကျတော့ ဆိုရှယ်လစ်စနစ် ဘာ့ကြောင့်မအောင်မြင်သလဲဆိုရင် ဆိုရှယ်လစ်စနစ်ဟာ ဆိုရှယ်လစ်စနစ်ရဲ့ အခြေခံဖြစ်တဲ့အချက်တွေ ရှောင်လွဲနေတာ ဆိုရှယ်လစ်စီးပွားရေးစနစ်ရဲ့ အခြေခံအချက်က ဘာလည်းဆိုရင် အားလုံးကစုပေါင်းပြီးတော့ ဝေတူဝေမျှ၊ အညီအမျှ စားကြမယ်ဆိုတဲ့ပုံစံနဲ့သွားကြတော့ အဲဒီကနေပြီးတော့မှ အားလုံးရဲ့လုပ်ကိုင်ရှာဖွေမှုကို တစ်စိတ်တစ်ပိုင်းကို ဝိုင်းဝန်းပြီးစုဆောင်းပြီးတော့ ဒါနိုင်ငံတော်စုဆောင်းငွေအဖြစ်နဲ့ ပြန်လည်ရင်းနှီးမြှုပ်နှံပြီးတော့ သူကသွားကြမှာ အမြဲတမ်းပဲ တစ်ကျပ်ရလျှင် ငါးမူးဆိုလည်း ငါးမူးစီခွဲစားမယ်။ တစ်မတ်ဆိုလည်း တစ်မတ်စီခွဲစားမယ့်ပုံစံသွားကြတာ ဒါပေမယ့် အဲဒီစနစ်မှာက လူသားတွေနဲ့ မကိုက်ဘူး။ လူသားတွေကပိုရချင်တယ်။ ပိုစားချင်တယ်။ အဲဒီတော့ ပိုရချင်၊ ပိုစားချင်တဲ့အခါကျတော့ ပိုအလုပ်လုပ်ချင်တယ်။ ပိုအလုပ်လုပ်ချင်ပေမယ့်လည်း ပိုအလုပ်လုပ်ခွင့်ကလည်း မရပြန်ဘူး။ အဲဒီတော့ ဆိုရှယ်လစ်စနစ်မအောင်မြင်ခြင်းဟာလည်းပဲ သူ့ရဲ့အခြေခံမှုဖြစ်တာက သာတူညီမျှ၊ ဝေမျှစားဖို့၊ ဝေမျှစုဆောင်းဖို့ဆိုတဲ့ပုံစံပေါ်မှာ တည်ပေမယ်လို့ အဲဒီပုံစံပေါ်မှာ မလိုက်နာနိုင်တဲ့အခါကျတော့ အဲဒီစနစ်က မအောင်မြင်နိုင်ခဲ့ဘူး။ ကျွန်တော်သုံးသပ်ခဲ့မိတယ်။ အခုဈေးကွက်စီးပွားရေး လုပ်ပြီးပြီ။ ဈေးကွက်စီးပွားရေးလုပ်တဲ့အခါကျတော့ ဈေးကွက်စီးပွားရေးမှာ ကျတော့လည်းပဲ သူ့ရဲ့အပေးအယူတွေကရှိတယ်။ သူ့ရဲ့အပေးအယူယဉ်ကျေးမှုက ဘယ်လိုလည်းဆိုလို့ရှိရင် လုပ်ငန်းရှင်ကကြိုက်သလောက် အလုပ်သမားကို အလုပ်လုပ်နိုင်အောင် လမ်းခင်းပေးတယ်။ အလုပ်သမားကလည်းပဲ

သူ့လုပ်အားရှိသလောက်၊ ကိုယ့်စွမ်းဉာဏ်စွမ်းရှိသလောက် အလုပ်လုပ်တယ်။ ကြိုးစားတယ်။ ကြိုးစားမှုအပေါ်မှာ ဒီကြိုးစားမှုရဲ့ အသီးအပွင့်ကို ဝိုင်းဝန်းပြီးတော့ ကိုယ်ကတော့ ဒါလုပ်တတ်တယ်။ သူကတော့ ဒါလုပ်တတ်တယ်။ သူကဒါအဖြေရှိတယ်။ ကိုယ်က ဒါလိုအပ်တယ်ဆိုတဲ့ ဟာနဲ့သွားကြတာ အခုကျန်းမာရေး စောင့်ရှောက်မှုနဲ့ ပတ်သက်လို့ မှန်ပါတယ်။ မြန်မာနိုင်ငံမှာ ကျွန်တော်လည်း အမြဲတမ်းပြောတယ်။ ပြည်ထောင်စုအဆင့် အာဏာပိုင် ၄ ရပ် အဲဒီတစ်ရပ်မှာ အပါအဝင်ဖြစ်တဲ့ အစိုးရ အဖွဲ့သူတို့ကလည်းပဲ ကိုယ့်အလုပ်ကို လုပ်နေကြတာပဲ။ ကြိုးစားနေကြတာပဲ။ ထိုင်နေကြတာ မဟုတ်ဘူး။ သို့သော်လည်းပဲ ခုနလိုပေါ့ ကျန်းမာရေးစောင့်ရှောက်မှုခံရတဲ့ အခါမှာ လိုအပ်ချက် ဟာ ကွက်တွေဟာ ခဏခဏတွေ့နေရတယ်။ ပြောနေကြတယ်။ ဥပမာအားဖြင့် ကျန်းမာရေးနဲ့ ပတ်သက်ပြီး တော့ အသုံးစရိတ်၊ ပညာရေးနဲ့ပတ်သက်ပြီးတော့ အသုံးစရိတ်၊ GDP က ဘယ်လောက်ပဲရှိတယ်။ ဘာလို့မတိုးမြှင့်သလဲဆိုတဲ့ စကားတွေရှိပါတယ်။ အဲဒါတွေက ဈေးကွက်စီးပွားရေးမှာ ကျွန်တော့် အမြင်အားဖြင့် ကျွန်တော်တို့ ဈေးကွက်စီးပွားရေးစနစ်ဟာ ကိုယ့်ကဏ္ဍ၊ ကိုယ့်အပိုင်း၊ ကိုယ့်ဖာကိုယ် ထုထောင်လုပ်ကိုင်ပြီးတော့ကာ နိုင်ငံတော်အစိုးရက တာဝန်ယူရတဲ့အပိုင်းတွေက တဖြည်းဖြည်းနဲ့ ယုတ်လျော့လာတဲ့ ပုံစံမျိုးတွေရှိတယ်။ အဲဒါကို ကျွန်တော်တို့ ခင်းကျင်းဖို့အတွက် ဒီအဆိုကို တင်သွင်းတာဖြစ်ပါတယ်။ ဒါနဲ့ယှဉ်တွဲပြီးတော့ ငွေကြေးဈေးကွက်ထူထောင်ဖို့ကိစ္စမျိုးတွေ၊ အာမခံကုမ္ပဏီလုပ်ငန်းမျိုးကို အများကအမြင်ကျယ်လာပြီးတော့ ပါဝင်ပြီးတော့ Participation လုပ်တဲ့ကိစ္စမျိုးတွေ၊ ဒါလေးတွေ ရှေ့ဆက်ပြီး လုပ်မယ်ဆိုတာ အများကြီးရှိပါတယ်။ ကျွန်တော် အဆိုတင်သွင်းတာလည်း သိပ်မျှော်လင့်ချက်ထားပြီး တင်တဲ့ပုံစံမဟုတ်ပေမယ့်လို့လည်းပဲ လုပ်ရ ကိုင်ရမယ့် အဆင့်အနေနဲ့ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ကနေပြီးတော့ အစိုးရအဖွဲ့ကို ဒီလို ဒီလိုဖြင့် ဆက်လက်ပြီး လုပ်ကိုင်ပြီးပေးနိုင်ဖို့ဆိုတဲ့အဆိုကို တင်သွင်းတဲ့သဘောမျိုးနဲ့ တင်သွင်းခဲ့တာ ဖြစ်ပါ တယ်။ လောလောဆယ်မှာ မှန်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး သုံးသပ်ချက်ကော ကျွန်တော် ပါဝင်ဆွေးနွေးတဲ့ပုဂ္ဂိုလ်များ ဆွေးနွေးချက်အရရော ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့ က နည်းနည်းနုပါသေးတယ်။ ဈေးကွက်စီးပွားရေးနဲ့ ပတ်သက်လို့၊ လစ်ဘရယ်ဒီမိုကရေစီနဲ့ ပတ်သက်လို့ နုပါသေးတယ်။ ဒီအချိန်ကာလကို ဖြတ်သန်းရမယ်ဆိုလို့ရှိရင် ကျွန်တော် မှီပါတယ်။ သို့သော်လည်းဘဲ အခုကျွန်တော်တို့ လွှတ်တော် ဥက္ကဋ္ဌကြီး ဆုံးဖြတ်ပေးတဲ့ ပုံစံမျိုးအားဖြင့် ကျွန်တော် စိတ်စောနေသေးတယ်။ အချိန်စောနေသေးတယ်ဆိုတာကို ကျွန်တော် လက်ခံပါတယ်။ ရှေ့ဆက်ပြီး တော့သာလျှင် ပြည်သူ့လွှတ်တော်က ဥက္ကဋ္ဌကြီးနှင့်တကွ အဆုံးအဖြတ်ပေးတဲ့ပုံစံမျိုးအတိုင်း

ကျွန်တော်လိုက်နာပြီးတော့ ကျေကျေနပ်နပ်နဲ့ ကျွန်တော့်ရဲ့အဆိုကို ဒီမှာတင်ဘဲ လွှတ်တော်ရဲ့ သဘောထားအတိုင်း ကျွန်တော် လက်ခံပါတယ်လို့ တင်ပြလိုပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်တင်သွင်းတဲ့ အမျိုးသားအဆင့် ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသခွင့် လုံခြုံရေးစီမံကိန်းတစ်ရပ်ကို (က)ပြည်သူအားလုံး အာမခံ ပေါ်လစီဝယ်ယူခွင့်ရရှိပြီး ထူထောင်သည့်စနစ် (ခ)ပုံမှန်လုပ်ခလစာရရှိသော လုပ်သားများ လစဥ်/ နှစ်တွက် ထည့်ဝင်မှုကို အလုပ်ရှင်နှင့်အစိုးရက ထပ်ဆောင်းပေးသည့်ရန်ပုံငွေဖြင့် ထူထောင်သည့် စနစ် (ဂ)အလုပ်မရှိသေးသူ ရာသီအလိုက်ဝင်ငွေရ တောင်သူလယ်သမားများ အလုပ်မမှန် ပျံ့ကျ လုပ်ကိုင်စားသောက်သူများအတွက် အစိုးရက ယာယီစိုက်ထုတ်ထူထောင်သည့်စနစ်များ သီးခြား ထူထောင်ပြီး ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်သွားရန် အဆိုသည် မူအားဖြင့် လက်ခံရမှာဖြစ်သော်လည်း အချိန်ယူအချိန်စောင့်၍ ဆောင်ရွက်ရမည့်ကိစ္စတစ်ခုဖြစ်ကြောင်း လွှတ်တော်က မှတ်တမ်းတင် ဆောင်ရွက်မှုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ရဲ့ဆုံးဖြတ်ချက်ကို မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်အစည်းအဝေးကို နာရီဝက်ခန့် ရပ်နားပါမယ်။ ဒီနေ့နည်းနည်း ထူးခြားပါ တယ်။ ခါတိုင်း အိပ်မငိုက်တတ်တဲ့သူတွေ ဒီနေ့နည်းနည်း အိပ်ငိုက်တဲ့သဘောတွေ့ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို နေ့လယ် ၁၄:၀၀ အချိန်တွင် ပြန်လည်စတင်ပါ့မယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ။

[ လွှတ်တော်အစည်းအဝေးကို ၃၀ မိနစ်ခန့်ရပ်နားပါသည်။ ]

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထား သည့်ဧည့်သည့်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီးအတည်ပြုချက်ဖြင့်ပေးပို့ခဲ့တဲ့ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းကို ၁၂-၉-၂၀၁၁ ရက်နေ့မှာလွှတ်တော်ကိုယ်စားလှယ်များ ထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့ စပ်လျဉ်းလို့ သတ်မှတ်ထားတဲ့ ၁၄-၉-၂၀၁၁ ရက်နေ့အထိ လွှတ်တော်ကိုယ်စားလှယ်များထံမှ ပြင်ဆင်ချက်တစ်စုံတစ်ရာတင်ပြလာမှုမရှိတဲ့ အတွက် ဥပဒေကြမ်းကော်မတီ၏ အစီအရင်ခံစာကိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ သဘောတူညီချက် ရယူခြင်းများ တစ်ပါတည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အစီအရင်ခံစာကို ဖတ်ကြားပြီးဆွေးနွေးနိုင်ရေးအတွက် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝ ပြုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကိုယ်စား၊ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်အစီအရင်ခံစာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များဆွေးနွေးနိုင်ရန် ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ အပိုဒ်(၁)ပညာရေးဝန်ကြီး ဌာနမှပေးပို့လာသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင်စတင် ဆွေးနွေးခဲ့ပါသည်။ ၇-၉-၂၀၁၁ ရက်နေ့တွင် အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနှင့်အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ အပိုဒ်(၂)အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များနှင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ ပေးပို့ခဲ့ပါသည်။ ဥပဒေကြမ်းကော်မတီမှ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့်အညီစိစစ်ဆောင်ရွက်ခဲ့ပါ သည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ အပိုဒ်ခွဲ(က)ပုဒ်မ ၄ ပါ လူမှုရေးဝန်ကြီး ဌာန၏လုပ်ငန်းတာဝန်များကို မူလဥပဒေကြမ်းပါအတိုင်း ထည့်သွင်းသင့်ကြောင်း စိစစ်တွေ့ရှိရပါသည်။ သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်၏ လူမှုရေးဝန်ကြီးဌာနမှ မိမိတာဝန်ယူရသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိကိုယ်ပိုင်ကျောင်းများအား ကြီးကြပ်ကွပ်ကဲမှုရှိပါက ပိုမိုပြည့်စုံသင့်လျော်ကြောင်း တွေ့ရှိရပါသည်။ အပိုဒ်ခွဲ(ခ)ပုဒ်မ ၈(က)၌ အလယ်တန်းပညာကို ဖြစ်စေ၊ အထက်တန်းပညာကိုဖြစ်စေ၊ အလယ်တန်းမှအထက်တန်းပညာကိုဖြစ်စေ ဖွင့်လှစ်သင်ကြားရန် စီမံထားရှိခြင်းဟူသော စကားရပ်ဖြင့်ပြင်ဆင်အစားထိုးသင့်ပါသည်။ ပြင်ဆင်ရခြင်းမှာ ဥပဒေကြမ်းတွင် မူလတန်းကိုယ်ပိုင်ကျောင်းဖွင့်လှစ်ရန်

ဖော်ပြမထားပါ။ နိုင်ငံတော်၏ ပညာရေးမူဝါဒများ ပြောင်းလဲလာပါက လိုက်လျောညီထွေမှု ဖြစ်စေရန်နှင့် ကိုယ်ပိုင်ကျောင်းဖွင့်လှစ်လိုသူများ တက်ရောက်သင်ကြားလိုသူများနဲ့ လိုက်လျော ညီထွေမှုရှိစေရန် ဖြစ်ပါသည်။ အပိုဒ်ခွဲ(ဂ)၊ ပုဒ်မ ၈(ဇ)တွင် ကျန်းမာရေးနှင့်ညီညွတ်သည့် စားရိပ်သာစီစဥ်ထားရှိခြင်းဟူသော စကားရပ်အား ပုဒ်မခွဲငယ်(င) အဖြစ်ဖြည့်စွက် သင့်ပါသည်။ ကျောင်းသူ၊ ကျောင်းသားများ၏ ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရန် ဖြစ်ပါသည်။ အပိုဒ်ခွဲ(ဃ)၊ ပုဒ်မ ၄(က)ပါ လူမှုရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်ဖော်ပြချက်အရ ပုဒ်မ ၁၀(က)တွင်လည်း မူလ ဥပဒေကြမ်းပါ လူမှုရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြစေ ခြင်းမှာ ပြည့်စုံသင့်လျော်မှုရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ အပိုဒ်ခွဲငယ်(င)၊ ပုဒ်မ ၁၀(က)ပါ လူမှုရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက်ပါရှိပြီး ဖြစ်ပါသဖြင့် ပုဒ်မ ၁၀(ဃ)ပါ ပြဋ္ဌာန်းချက်များမှာ ဆီလျော်မှုရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ အပိုဒ်ခွဲ(စ)၊ ပုဒ်မ ၁၅(ထ)စာပိုဒ်တွင် မူလတန်းမှအပ အခြားအတန်းများတွင်ဟူသောစကားရပ်အား ပယ်ဖျက်သင့်ပါသည်။ ယခုဥပဒေကြမ်းတွင် မူလတန်းပညာအား ကိုယ်ပိုင်ကျောင်းတည်ထောင်ခွင့်ပြုမထားကြောင်း တွေ့ရှိရပါသည်။ အပိုဒ် ၃၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ကိုယ်ပိုင်ကျောင်းမှတ်ပုံ တင်ဥပဒေကြမ်းအား အခြေခံရမည့်မူ ၁၂ ချက်ဖြင့် စိစစ်ခဲ့ရာ ကိုက်ညီကြောင်းတွေ့ရှိရပြီး အမျိုးသားလွှတ်တော်၏ အတည်ပြုခဲ့သည့်ပြင်ဆင်ချက်များအား ဤဥပဒေကြမ်းကော်မတီ၏ အထက်ပြင်ဆင်ချက်များနှင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၅ နှင့်အညီ အစီရင်ခံတင်သွင်း အပ်ပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေကြမ်းကိုဇယားဖြင့် နှိုင်းယှဥ်တင်ပြခွင့်ပြုပါခင်ဗျား။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းအား ပြင်ဆင်ရန် အဆိုပြုချက်ဇယားစာတိုင် ၁ မှာ အမှတ်စဥ်ဖြစ်ပါတယ်။ စာတိုင် ၂ မှာ ပုဒ်မကို ဖော်ပြထားတာ ဖြစ်ပါတယ်။ စာတိုင် ၃ မှာတော့ ဝန်ကြီးဌာန၏ အဆိုပြုပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ စာတိုင် ၄ မှာ ကတော့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်စာတိုင် ၅ မှာကတော့ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြစ်ပါတယ်။ အမှတ်စဥ် ၁၊ ပုဒ်မ ၄၊ ဝန်ကြီးဌာန၏ အဆိုပြုပြဋ္ဌာန်းချက်။ လူမှုရေး ဝန်ကြီးဌာန၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (က) ကိုယ်ပိုင်ကျောင်းများ တည်ထောင်ဖွင့်လှစ်ရေးအတွက် ပညာရေးအရာရှိ၏ စိစစ်တင်ပြချက်အပေါ် သဘောထားမှတ်ချက် ပေးခြင်း၊ (ခ) ကိုယ်ပိုင်ကျောင်းဆိုင်ရာ သတ်မှတ်ချက်နှင့်အညီ စည်းကမ်းတကျဖြစ်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊ (ဂ) စည်းကမ်းဖောက်ဖျက်သော သို့မဟုတ် သတ်မှတ်ချက်နှင့် ညီညွတ်

ပြည့်စုံမှုမရှိသော ကိုယ်ပိုင်ကျောင်းနှင့်စပ်လျဉ်း၍ ပညာရေးအရာရှိ၏ စုံစမ်းစစ်ဆေး တင်ပြချက်အပေါ် သဘောထားမှတ်ချက်ပေးခြင်း၊ (ဃ) ကိုယ်ပိုင်ကျောင်းဆရာနှင့်ပတ်သက်၍ ပညာရေးအရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကိုအဆုံးအဖြတ်ပေးခြင်း၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ပုဒ်မ ၄ ကို ပယ်ဖျက်ထားပါသည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာတော့ ဝန်ကြီးဌာန၏အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိ သင့်ပါသည်။ အမှတ်စဉ် ၂၊ ပုဒ်မ ၈၊ ဝန်ကြီးဌာန၏အဆိုပြုပြဋ္ဌာန်းချက်မှာ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရန် အောက်ပါလိုအပ်ချက်များနှင့် ပြည့်စုံရမည်။ (က)အနည်းဆုံးပဉ္စမတန်းမှ ဒသမတန်းအထိ ဖွင့်လှစ်သင်ကြားရန်စီမံထားရှိခြင်း၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ပြင်ဆင်ချက်မရှိပါ။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရန် အောက်ပါလိုအပ်ချက်များနှင့် ပြည့်စုံရမည်။ (က) အလယ်တန်းပညာကိုဖြစ်စေ၊ အထက်တန်းပညာကိုဖြစ်စေ၊ အလယ်တန်းမှအထက်တန်းပညာကိုဖြစ်စေ ဖွင့်လှစ်သင်ကြားရန် စီမံထားရှိခြင်းဟု ဖော်ပြထားပါသည်။ အမှတ် ၃၊ ပုဒ်မ ၈(ဇ)၄၊ အောက်တွင်အသစ် ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ဝန်ကြီးဌာန၏ အဆိုပြုပြဋ္ဌာန်းချက်မှာ မူလပြဋ္ဌာန်းချက်မရှိပါ။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်၊ ပြင်ဆင်ချက် မရှိပါ။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာ ပုဒ်မ ၈(ဇ) ၅ မှာ ကျန်းမာရေးနှင့် ညီညွတ်သည့်စားရိပ်သာစီစဉ်ထားရှိခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၄၊ ပုဒ်မ ၁၀(က) ပညာရေးဝန်ကြီး ဌာန၏အဆိုပြုပြဋ္ဌာန်းချက် ပညာရေးအရာရှိသည် ပုဒ်မ ၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး လူမှုရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ပုဒ်မ ၉(က)၊ ပညာရေးအရာရှိသည် ပုဒ်မ ၈ အရ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ပြုရန်လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံတင်ပြရမည်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် ဝန်ကြီးဌာန၏အဆိုပြုပြဋ္ဌာန်းချက် အတိုင်းထားရှိသင့်သည်။ အမှတ်စဉ် ၅၊ ပုဒ်မ ၁၀(ဃ) ဝန်ကြီးဌာန၏အဆိုပြုပြဋ္ဌာန်းချက် ပုဒ်မခွဲ (ဂ) အရ ချမှတ်ထားသော ပညာရေးဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ပုဒ်မ ၉(င)၊ ပုဒ်မခွဲ(ဂ)အရ ချမှတ်ထားသော ပညာရေးဝန်ကြီးဌာန၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် ဝန်ကြီးဌာန၏ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ပါသည်။ အမှတ်စဉ် ၆ ပုဒ်မ၊ ၁၅(ထ) ဝန်ကြီးဌာန၏ အဆိုပြုပြဋ္ဌာန်းချက် မူလတန်းမှအပ အခြားအတန်းများ

တွင် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော ကျောင်းဝတ်စုံကိုသတ်မှတ်ခြင်း ယင်းသို့သတ်မှတ်ရာတွင် အခြားကိုယ်ပိုင်ကျောင်းနှင့် ကွဲပြားစေရန်အလို့ငှာ အင်္ကျီနှင့်လုံချည်အရောင်တို့ကို သတ်မှတ်ပေးနိုင်သည်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ပြင်ဆင်ချက်မရှိပါ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာ မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော ကျောင်းဝတ်စုံကို သတ်မှတ်ခြင်း ယင်းသို့သတ်မှတ်ရာတွင် အခြားကိုယ်ပိုင်ကျောင်းနှင့် ကွဲပြားစေရန်အလို့ငှာ အင်္ကျီနှင့်လုံချည်အရောင်တို့ကို သတ်မှတ်ပေးနိုင်သည်။ အခုလိုပြင်ဆင်ရန်အဆိုပြုချက်အား ဇယား ဖြင့်တင်ပြရခြင်းမှာ မူလပြဋ္ဌာန်းထားသည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၏ စိစစ် တွေ့ရှိချက်နှင့် မိမိတို့ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်များကို နှိုင်းယှဉ်ချိန်ထိုးနိုင်ရန် တင်ပြခြင်းဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာနက မူလစတင်ပြီး တော့ပေးပို့တဲ့ ဥပဒေကြမ်းမှာယခု ကျွန်တော်တင်ပြတဲ့အတိုင်းဖြစ်ပါတယ်။ သို့ရာတွင် ဒီဥပဒေကြမ်း ပေါ်မှာ အမျိုးသားလွှတ်တော်က ဆွေးနွေးလိုက်တဲ့အခါမှာ ပြင်ဆင်ချက်များပါလာပါတယ်။ ဒီပါလာ ချက်ပေါ်မူတည်ပြီးတဲ့အခါမှာ မူလဝန်ကြီးဌာနရဲ့ အဆိုပြုချက်များ၊ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်၊ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဆိုပြီးတော့ ခုနကဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌက နှိုင်းယှဉ်ပြီးကြည့်နိုင်ဖို့ တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီနေရာမှာ အမျိုးသား လွှတ်တော်က အတည်ပြု ချက်ဖြင့်ပေးပို့တဲ့ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီကတင်သွင်းထားတဲ့ အစီရင်ခံစာမှာ တင်ပြသွားတဲ့အတိုင်း ပြင်ဆင်ချက်အချို့ပါရှိပါတယ်။ ဒီပြင်ဆင်ချက်များကိုလည်း ဇယားမှာဖော်ပြပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဇယားမှာပါတဲ့အတိုင်း ပထမပြင်ဆင်ချက်အား အပိုဒ် ၄ ကို အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားသော်လည်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းချက် အတိုင်းထား ရှိပါတယ်လို့ တင်ပြထားပါတယ်။ ဒီအပေါ် မူတည်ပြီးတော့ ပြည်ထောင်စု အစိုးရရဲ့သဘောထားကို သိလိုပါတယ်။

**ဒေါက်တာမြဲအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ဒီမူလဥပဒေရေးဆွဲခဲ့တဲ့ ရှေ့နေချုပ်ရုံး ကိုလည်းညှိနှိုင်းခဲ့ပါတယ်။ အဲဒီမှာလည်း လူမှုရေးဝန်ကြီးကို ကျွန်တော်တို့က ပညာရေး၊ ကျန်းမာရေး နှစ်ခုကိုင်တဲ့အတွက်ကြောင့်မို့လို့ ဒါ ကျွန်တော်တို့ ထည့်လိုက်ပြီဖြစ်ပါတယ်

ခင်ဗျား။ အဲဒီတော့ ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်က မှန်ကန်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ သဘောတူပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၄ အား ပယ်ဖျက်ခြင်းမပြုဘဲ ဝန်ကြီးဌာန၏မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်းထားရှိသင့်သည်။ ဒီအဆိုနှင့်ပတ်သက်လို့ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသေးသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ ပါဇယားစာမျက်နှာ ၂ မှာ အမှတ်စဉ် ၂၊ အပိုဒ် ၈ မှာ အမျိုးသားလွှတ်တော်မှာ ပြင်ဆင်ချက်မရှိပါဘူး။ ဥပဒေကြမ်းကော်မတီကတော့ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရန် အောက်ပါလိုအပ်ချက်များနှင့် ပြည့်စုံရမည်။ (က) အလယ်တန်းပညာကို ဖြစ်စေ၊ အထက်တန်းပညာကိုဖြစ်စေ၊ အလယ်တန်းမှအထက်တန်းပညာကိုဖြစ်စေ ဖွင့်လှစ်သင်ကြား ရန်စီမံထားရှိခြင်း။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရရဲ့ သဘောထား သိလိုပါတယ်။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအပိုဒ်နဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင်တော့ ကျွန်တော်က ကန့်ကွက်တာ တော့ မဟုတ်ပါဘူးခင်ဗျား။ သို့သော်လည်း ကျွန်တော်တို့ ဒီတပ်မတော်အစိုးရလက်ထက်က တစ်နှစ် စမ်းသပ်ဖွင့်လှစ်ခဲ့ပါတယ်။ ဒီ ကိုယ်ပိုင်ကျောင်းနဲ့ ပတ်သက်ပြီးတော့ အဲဒါတော့ သူတို့ matureဖြစ် နေတာကတော့ ပဋ္ဌမတန်းကနေပြီးတော့ ဒသမတန်းထိသူတို့က အသားကျနေတာပေါ့လေ။ နောင် ဖွင့်ချင်တဲ့ သူတွေကလည်း ကျွန်တော် လေ့လာရသလောက်တော့ ပဋ္ဌမတန်းနဲ့ ဒသမတန်းပဲ လောလောဆယ် ပြင်ဆင်ထားတယ်လို့ ကျွန်တော် ကြားရပါတယ်ခင်ဗျား။ ကိုယ်တိုင်တော့ မသိပါဘူးခင်ဗျား။ ကျွန်တော် မခေါ်သေးပါဘူး။ လျှောက်လွှာတွေ၊ အဲဒီတော့ ဒီနေရာမှာတော့ ကျွန်တော်တို့က အခု ၂၁ ကျောင်း ဖွင့်ထားပါတယ်ခင်ဗျား။ အထက်မြန်မာပြည်က ၁၁ ကျောင်းနဲ့ ဒီအောက်မြန်မာပြည်က ၁၀ ကျောင်း စုစုပေါင်း ဒီ Semi Private School အနေနဲ့ ၂၁ ကျောင်း ဖွင့်တာကတော့ ပဋ္ဌမတန်းကနေ ဒသမတန်းထိ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီပေါ်မှာ ကျွန်တော်

သိချင်တာကတော့ အလယ်တန်းပညာသက်သက် ပဉ္စမတန်းကနေ အဋ္ဌမတန်း သို့မဟုတ် အထက်တန်းပညာသက်သက်၊ နဝမတန်းမှ ဒသမတန်း၊ ဒါကတော့ ဘော်ဒါဆောင်အနေနဲ့တော့ ရှိပါတယ်။ ကျွန်တော်တို့ ဒီ Private School အနေနဲ့ စမ်းသပ် ဖွင့်လှစ်တဲ့အထဲမှာ မပါသေးပါဘူးခင်ဗျား။ ဒါကို ကျွန်တော် ကန့်ကွက်တာမဟုတ်ဘူး။ နားလည်မှုလွဲနေမှာစိုးလို့၊ ကျွန်တော်တို့ ဒီလောလောဆယ် ၂၁ ကျောင်းကို ကြည့်ပြီးတော့ ကျန်တဲ့ကျောင်းတွေက လေ့လာနေတာကတော့ ပဉ္စမတန်းမှ ဒသမတန်း ထိပဲ သူတို့က ဒီလိုလက်ခံထားတဲ့ သဘောပေါ့လေ။ သို့သော် ဒါကို ကန့်ကွက်တာမဟုတ်ပါဘူးခင်ဗျား။ ကျွန်တော်တို့က ဒါဆိုလည်း ကျွန်တော်တို့က ငြင်းစရာမရှိဘူးခင်ဗျား။ အလယ်တန်း ဖွင့်ဖွင့်၊ ၉ တန်း၊ ၁၀ တန်း၊ အထက်တန်းဖွင့်ဖွင့်၊ အလယ်တန်းနဲ့ အထက်တန်းရောနေတဲ့ ဒီလက်ရှိ ၂၁ ကျောင်း ဒီစမ်းသပ်အောင်မြင်နေတဲ့ ၂၁ ကျောင်းပဲ ပြောပြောပေါ့လေ။ ကျွန်တော့်အနေနဲ့ကတော့ ဘာပြောပြော ကန့်ကွက်စရာမရှိပါဘူးခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေရဲ့ သဘောအရ အမှတ်စဉ် ၂၊ အပိုဒ် ၈ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်(က)မှာ အနည်းဆုံး ပဉ္စမတန်းမှ ဒသမတန်းထိ ဖွင့်လှစ်ရန် စီမံထားရှိခြင်း၊ ဆိုတဲ့အတွက် တကယ်လို့အများ ပဉ္စမတန်းကနေပြီးတော့ အဋ္ဌမတန်းအထိ ဖွင့်လှစ်ဖို့ဆိုလို့ရှိရင် ခွင့်မပြုပေးနိုင်ဘူးဆိုတဲ့ အဓိပ္ပာယ် သက်ရောက်တဲ့အတွက် ဥပဒေကြမ်းကော်မတီအနေနဲ့ အကယ်လို့များ၊ ပဉ္စမတန်းကနေပြီးတော့ ရှစ်တန်းအထိ ဖွင့်မယ်ဆိုလည်း ခွင့်မပြုပေးနိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တဲ့တွက်ဥပဒေကြမ်း ကော်မတီအနေနဲ့ တကယ်လို့များပဉ္စမတန်းကနေပြီးတော့ရှစ်တန်းအထိဖွင့်မယ်ဆိုလည်း ခွင့်ပြုပေးမယ် ဆိုတဲ့အဓိပ္ပာယ်ပါအောင် ထည့်သွင်းတာဖြစ်တဲ့ ခုနကဝန်ကြီးလည်းဆွေးနွေးသွားပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်လို့ကန့်ကွက်တာမဟုတ်ပါဘူး။အခြေအနေတင်ပြဖြစ်တယ်ဆိုတဲ့အတွက် သဘောတူတယ် လို့ပဲယူဆပါတယ်။ ကောင်းပါပြီ။သဘောတူတယ်ဆိုရင် ကျွန်တော်တို့ဆက်ပါမယ်။ဒါကြောင့်အဆိုမှာ အပိုဒ် ၈၊ အပိုဒ်ခွဲ(က)ကိုမူလပြဋ္ဌာန်းချက်အစား ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း ပြင်ဆင်ရန် ဖြစ်သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ(၂)၊ အမှတ်စဉ် ၃၊အပိုဒ် ၈(ဇ)၊ အပိုဒ်ခွဲ(၄)အောက်တွင် အသစ်ဖြည့်စွက်ခြင်း မူလမပါပါဘူး။ ဒါကိုအမျိုးသားလွှတ်တော်က အတည်ပြုခဲ့ပါတယ်။ ပြင်ဆင်ချက်မရှိဘူး။ သို့ရာတွင် ဥပဒေကြမ်း ကော်မတီ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဇ)အပိုဒ်ခွဲငယ်(င)မှာ

ကျန်းမာရေးနှင့်ညီညွတ်သည့် စားရိပ်သာရှိခြင်းဆိုတဲ့ဟာထပ်ပြီးတော့ ပြင်ဆင်ထားတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စု အစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အင်မတန် သင့်တော်တဲ့ ဒီအပိုဒ်ခွဲ ဖြစ်ပါတယ်ခင်ဗျား။ ဘာလို့လဲဆိုတော့ ကလေးတွေစုပေါင်းနေတာဖြစ်တဲ့ အတွက်ကြောင့်မို့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားရိပ်သာဟာ အင်မတန်အရေးကြီးပါတယ်။ ကလေးတွေ ကျန်းမာရေးအတွက် အဲဒါလည်း ကျွန်တော်တို့ စာရေးမထားပေမယ့်လို့ ကျွန်တော်တို့ သူတို့သိနေပါ တယ်ခင်ဗျား။ လက်ရှိဖွင့်ထားတဲ့ ၂၀ ကျောင်းကတော့ စားရိပ်သာမကောင်းရင် ဒီအခြေအနေမကောင်း မှန်းကို ဒုတိယသမ္မတကြီး(၂)နှင့် ကျွန်တော်တို့ မန္တလေးဘက်သွားတုန်းက ကျွန်တော်တို့လေ့လာခဲ့ပြီးသား ခင်ဗျား။ သူတို့ရဲ့ စားရိပ်သာတွေ့တော့လည်း အင်မတန်လေးကို အဆင့်မြင့်လွန်းပါတယ်ခင်ဗျား။ လက်အိတ်တွေ၊ ဘာတွေနဲ့ နောက် ဒီယင်မအုံအောင်လို့ အဲဒါတွေကိုလည်း ကျွန်တော်တို့က ဥပဒေထဲ တော့ ရေးမထားပါဘူး။ ဒီဥပဒေတွေထဲ ထည့်လိုက်တဲ့အတွက်ကြောင့် အင်မတန်လည်း သင့်တော်ပါ တယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ အဆိုပါ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲငယ် ၄ တွင် အပိုဒ်ခွဲငယ်(င) ကို ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း ထပ်မံဖြည့်စွက်ရန်ဖြစ်သည်။ ဤအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ်(၄)၊ အပိုဒ် ၁၀(က) အမျိုးသားလွှတ်တော်က အတည်ပြုထားတာ ရှိပါတယ်။ ဒီအတည်ပြုချက်ကို ဥပဒေကြမ်းကော်မတီက ဝန်ကြီးဌာန၏ အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိသင့်သည်ဆိုပြီးတော့ ဖော်ပြထားပါတယ်။ ဝန်ကြီးဌာနရဲ့ အဆိုပြုပြင်ဆင်ချက်ကတော့ အပိုဒ် ၁၀(က) ပညာရေးအရာရှိသည် ပုဒ်မ ၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လူမှုရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်ဖြစ်ပါတယ်။ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပုဒ်မ ၁၀(က)ကို ရေးရတဲ့အကြောင်းကတော့ ဒါရှေ့နေချုပ်နဲ့

ညှိပြီးသားပါခင်ဗျား။ ဒီတိုင်းဒေသကြီး၊ ပြည်နယ်ဒေသတွေရဲ့ လူမှုရေးဝန်ကြီးတွေမှာလည်း တာဝန်ယူမှုရှိစေတဲ့ သဘောဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးအရာရှိဆိုတာ တိုင်းပညာရေးမှူး၊ ပြည်နယ်ပညာရေးမှူးဖြစ်ပါတယ်ခင်ဗျား။ ဒီတိုင်းပညာရေးမှူး၊ ပြည်နယ်ပညာရေးမှူးတို့ နှစ်ယောက်တည်းရဲ့ သဘောထားနဲ့ဆိုရင် အခက်အခဲဖြစ်လာနိုင်ပါတယ်ခင်ဗျား။ အခုကျွန်တော်တို့ ရှေ့နေချုပ်ရုံးနဲ့ ညှိပြီးတော့ လူမှုရေးဝန်ကြီးဌာနရဲ့ ထောက်ခံချက်ပါမှ။ ဒါဆိုကျွန်တော်တို့ ပညာရေးအရ ဖြစ်နေလို့ရှိရင်တော့ သံသယဝင်စရာတွေလည်း ဖြစ်နိုင်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ထည့်လိုက်တာကတော့ ဒီဝန်ကြီးဌာနသည် လူမှုရေးဝန်ကြီးဌာနလို့ ထည့်ထားပါတယ်။ ပညာရေးအရာရှိက လူမှုရေးဝန်ကြီးဌာနသို့ အကြောင်းကြားပြီး လူမှုရေးဝန်ကြီးဌာနက သဘောတူမှသာလျှင် ညွှန်ကြားရေးမှူးချုပ်က ကျွန်တော့်ဆီကို အကြောင်းကြားလို့ ရေးထားပါတယ်ခင်ဗျား။ ဒါကတော့ တကယ်တော့ အမှန်တကယ်သင့်လျော်တဲ့ အစီအစဉ်ဖြစ်ပါတယ်ခင်ဗျား။ လေးစားပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)အားမူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်ဖြစ်သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာသုံး အမှတ်စဉ်(၅)အပိုဒ် ၁၅(ထ) အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က ပြင်ဆင်ချက်မရှိပါဘူး။ ဥပဒေကြမ်းကော်မတီ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အဆိုက မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီသော ကျောင်းဝတ်စုံကို သတ်မှတ်ခြင်း ယင်းသို့သတ်မှတ်ရာတွင် အခြားကိုယ်ပိုင်ကျောင်းများနှင့် ကွဲပြားစေရန်အလို့ငှာ အင်္ကျီနှင့်လုံချည်အရောင်တို့ကို သတ်မှတ်ပေးနိုင်သည့် ဒီဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်နဲ့ ပတ်သက်ပြီး ပြည်ထောင်စုအစိုးရရဲ့ သဘောထား သိလိုပါတယ်။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ် ၁၅(ထ)နဲ့ပတ်သတ်ပြီး ရှေ့နေချုပ်ရုံးနဲ့ ညှိနှိုင်းတဲ့အခါ သဘောတရားကတော့ အတူတူပါပဲခင်ဗျား။ ကျွန်တော်တို့ စဉ်းစားလိုက်တာကတော့ မူလတန်းကျတော့ ငယ်လွန်းတဲ့အခါကျတော့ ထမီ၊ ပုဆိုးမနိုင်မှာစိုးလို့ စကတ်တို၊ ဘောင်းဘီတို သူတို့ဝတ်ချင်သလို လောလောဆယ်ငယ်တဲ့အတွက်မို့လို့ အဲဒီလို ရည်ရွယ်ချက်နဲ့လုပ်တာပါ။ ပါပါ၊ မပါပါ သဘောတရား

ကတော့ ကန့်ကွက်စရာမရှိပါဘူး။ ယဉ်ကျေးမှုနဲ့ ကိုက်ညီရင်ပြီးတာပါပဲ။ လေးစားပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ခုနက ဝန်ကြီးရှင်းတာပိုပြီးပြည့်စုံပါတယ်။ ဒီအထဲမှာတော့ ဥပဒေကြမ်း ကော်မတီက အကျိုးနဲ့ လုံချည်ဆိုတဲ့အတွက် နည်းနည်း limited ဖြစ်တဲ့သဘောရှိပါတယ်။ ခုနက အငယ်ကလေးတွေကျတော့ နည်းနည်းလေး ဒီစကားလုံးအရဆိုရင် နည်းနည်းလေး ကန့်သတ်ချက်က ဖြစ်နေတဲ့အတွက် ဒါလည်း ဥပဒေကြမ်းကော်မတီ ပြည်သူ့လွှတ်တော်ဘက်ကလည်း ဒါနဲ့ပတ်သက်လို့တော့ အကျိုးနဲ့ လုံချည်ဆိုတဲ့အစားပေါ့လေ။ ဥပဒေကြမ်းကော်မတီအနေနဲ့ ဘယ်လိုများ ပြန်လည်သဘောထားပေးနိုင်မလဲ။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခုပြဋ္ဌာန်းထားတဲ့ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းဟာ အလယ်တန်းနဲ့ အထက်တန်းကျောင်းပဲ ဖြစ်ပါတယ်။ မူလတန်းတွေမပါပါဘူး။ အဲဒီတော့ ပဉ္စမတန်းကနေ ဒသမတန်း အထိ ကျောင်းသူကျောင်းသားတွေကို ရည်ရွယ်ပြီး ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။ လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီလိုဆိုရင်လည်း ပြည်ထောင်စုကိုယ်စားလှယ်က သဘောတူတယ်ဆိုတဲ့ သဘောဖြစ်ပြီးတော့ ထုံးစံအတိုင်း ကျွန်တော်တို့ဖက်ကလည်း ဆက်လုပ်ရပါမယ်။ ဥပဒေကြမ်း၏ အပိုဒ် ၁၅၊ အပိုဒ်ခွဲ(ထ) မူလပြဋ္ဌာန်းချက်ပါ မူလတန်းမှအပ အခြားတန်းများတွင်ဟူသော စကားရပ်ကို ပယ်ဖျက်သင့်ကြောင်း ယခုဥပဒေကြမ်းတွင် မူလတန်းပညာကိုယ်ပိုင်ကျောင်း တည်ထောင်ခွင့် ပြုမထား၍ ဖြစ်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရကလည်း ဒါနဲ့ပတ်သက်လို့ သဘောတူကြောင်း ပြောပါတယ်။ ဒါကြောင့် အပိုဒ် ၁၅၊ အပိုဒ်ခွဲ(ထ)ကို မူလပြဋ္ဌာန်းချက်အစား ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ထားရှိရန်ဖြစ်ပါတယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့ အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဆင်ချက်အားလုံးအတွက် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းရန် အတည်ပြုပြီးသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က အထက်ပါ ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ (က)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်း စွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်အား ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဖြစ်ပါတယ်။ အခု ကျွန်တော့်အနေနဲ့ တင်သွင်းမယ့် ဥပဒေကြမ်းကတော့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်း စွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို တင်သွင်းရတဲ့ ရည်ရွယ်ချက်က တော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄၊ ပုဒ်မခွဲ(ခ)မှာ ဖော်ပြထားတဲ့ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခြင်းနဲ့ စီတန်းလှည့်လည်ခြင်းဆိုင်ရာ အခွင့်အရေးများ ကို ဥပဒေနဲ့အညီ နိုင်ငံသားများက လွတ်လပ်စွာ သုံးစွဲဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ပါတယ်။ ငြိမ်းချမ်းစွားစုဝေးခြင်းနဲ့ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို ရေးဆွဲရတဲ့ ရည်ရွယ်ချက်တွေကတော့ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအကျိုးကို ထိန်းသိမ်းစောင့်ရှောက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဖြစ်တဲ့ ငြိမ်းချမ်းစွာစုဝေးခြင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို စနစ်တကျသုံးစွဲ ဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့ကို ဥပဒေအရ အကာအကွယ်ပေးရန် ငြိမ်းချမ်းစွာစုဝေးခြင်း၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူကြောင့် အများပြည်သူများအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ် ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ဖို့ရည်ရွယ်ပြီးတော့ အသစ်ရေးဆွဲခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာများတွင် စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းနဲ့ ပတ်သက်ပြီးတော့ ၁၈၉၉ ခုနှစ်က

ပြဋ္ဌာန်းခဲ့တဲ့ ရန်ကုန်ရဲ့ အက်ဥပဒေ၊ ၁၉၄၅ ခုနှစ်က ပြဋ္ဌာန်းထားတဲ့ ရဲအက်ဥပဒေတို့ကို လည်းကောင်း နိုင်ငံရေးပါတီများစုဝေးခွင့်နဲ့ပတ်သက်ပြီးတော့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၉/၃၀ နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားချက်အမှတ် ၂/၂၀၁၀ တို့အရ လက်ခံကျင့်သုံးလျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်မှာ အတည်ပြုပြဋ္ဌာန်းပြီးတဲ့ နောက်မှာ ဒီပြဋ္ဌာန်းချက်များနှင့်အညီ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေအသစ်တစ်ရပ် ရေးဆွဲရန်လိုအပ်လာကြောင်း တွေ့ရှိရပါတယ်။ ဒီဥပဒေကြမ်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့အဖွဲ့နဲ့ ဒုတိယရှေ့နေချုပ်ဦးဆောင်တဲ့အဖွဲ့တို့ဟာ စတင်ပြီးတော့ ညှိနှိုင်းစိစစ်ရေးဆွဲခဲ့ပါတယ်။ ဥပဒေ ကျွမ်းကျင်သူများ အကြံပေးပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံပြီးတော့ အကြံဉာဏ်များရယူခဲ့ပါတယ်။ ဒီလိုအချိန်ယူရေးဆွဲခဲ့ပြီး ဆွေးနွေးညှိနှိုင်းချက်များအရ ပြုစုရေးဆွဲထားတဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ၊ ဥပဒေကြမ်းကိုလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ပေးပို့ပြီးတော့ သဘောထားမှတ်ချက်တွေ ရယူခဲ့ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထား မှတ်ချက်နဲ့အတူ နိုင်ငံတော်သမ္မတရုံးကို ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့က ပေးပို့ခဲ့တင်ပြပါတယ်။ နိုင်ငံတော်သမ္မတရုံးမှတစ်ဆင့် နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့ထံ ပေးပို့စိစစ်ပြီး ဥပဒေ အကြံပေးအဖွဲ့ရဲ့ အကြံပြုချက်အတိုင်းလည်း ပြင်ဆင်ဖြည့်စွက်ထားပြီးဖြစ်ပါတယ်။ ဒီလို အဆင့်ဆင့် ပြင်ဆင်ပြီးဖြစ်တဲ့ ဥပဒေကြမ်းကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် ၂၁/၂၀၁၁ မှာ ငြိမ်းချမ်းစွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ၊ ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ပြုရန် တင်ပြဆုံးဖြတ်ချက် ရယူပြီးတော့ ယခုလို ပြည်သူ့လွှတ်တော်သို့ တင်သွင်းခြင်းဖြစ်ပါတယ်။ ယခု ကျွန်တော်တင်သွင်းတဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ၊ ဥပဒေကြမ်းမှာ အခန်း ၈ ခန်း ပါပါတယ်။ အခန်း(၁)ကတော့ အမည်နဲ့အဓိပ္ပာယ်ဖော်ပြချက်ဖြစ်ပြီးတော့ နိုင်ငံသားငြိမ်းချမ်းစွာ စုဝေးခြင်း၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ခွင့်ပြုမိန့်ပိုစတာ ဆိုင်းဘုတ်၊ အလံ၊ လက်နက်တို့ရဲ့ အဓိပ္ပာယ်တွေကို ဖော်ပြထားပါတယ်။ အခန်း(၂)ကတော့ ဥပဒေရဲ့ရည်ရွယ်ချက်တွေကို ဖော်ပြထား ပါတယ်။ အခန်း(၃)ကတော့ ငြိမ်းချမ်စွာစုဝေးခြင်း၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတွေ ကို သုံးစွဲဆောင်ရွက်လိုတဲ့ နိုင်ငံများအနေနဲ့ ခွင့်ပြုမိန့်လျှောက်ထားရန် လိုအပ်ချက်တွေကို ဖော်ပြထား ပါတယ်။ အခန်း(၄)မှာတော့ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းတို့အတွက် ဆောင်ရွက်ရမယ့် နည်းလမ်းများ ငြင်းပယ်ခြင်းအတွက် အယူခံဝင်ရောက်ရန်ကိစ္စရပ်တွေကို ဖော်ပြထားပါတယ်။

အခန်း(၅)မှာ စည်းကမ်းသတ်မှတ်ချက်များဖြစ်တဲ့ ဆောင်ရွက်ခွင့်မပြုတဲ့ အမျိုးနဲ့ ဆိုင်တဲ့နေရာတွေ ဆောင်ရွက်ခွင့်ရှိတဲ့ ခွင့်ပြုသတ်မှတ်ပေးတဲ့နေရာတွေ ဆောင်ရွက်ရာမှာ လိုက်နာရမယ့် စည်းကမ်းတွေကို ဖော်ပြထားပါတယ်။ အခန်း(၆)မှာတော့ ငြိမ်းချမ်းစွာစုဝေးသူ၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်သူတွေ ကို ကာကွယ်ပေးဖို့ စည်းကမ်းဖောက်ဖျက်သူတွေကို အရေးယူဖို့ ပြဋ္ဌာန်းထားပါတယ်။ အခန်း(၇)ကတော့ ပြစ်မှုပြစ်ဒဏ်များဖြစ်ပြီးတော့ ဥပဒေပုဒ်မ ၁၆ ကနေ ၁၈ အထိပါရှိပါတယ်။ အခန်း ၈ ကတော့ အထွေထွေအခန်းဖြစ်ပါတယ်။ ဒီဥပဒေအရ အရေးယူရတဲ့ ပြစ်မှုတွေကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ်သတ်မှတ်ကြောင်း အခြားရာဇဝတ်ပြစ်မှုများကို ကျူးလွန်ပါက တည်ဆဲဥပဒေအရ အရေးယူ နိုင်ကြောင်းနှင့် လိုအပ်ပါက ပြည်ထဲရေးဝန်ကြီးဌာနမှ လိုအပ်သော နည်းဥပဒေအမိန့် ကြော်ငြာစာ၊ အမိန့်နဲ့ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်ကြောင်း ပြောပြထားပါတယ်။ အချုပ်အားဖြင့် နိုင်ငံသားများအနေနဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနဲ့ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆိုင်ရာ အခွင့်အရေးတွေကို ဥပဒေနဲ့အညီလွတ်လပ်စွာ သုံးစွဲဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီးတော့ ဒီမိုကရေစီနည်းလမ်းများနဲ့အညီ မျက်မှောက်အခြေအနေ များနဲ့ပါကိုက်ညီမှုရှိတဲ့အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဆီလျော်ညီညွတ်မှုရှိတဲ့ ဒီငြိမ်းချမ်းစွာစုဝေးခွင့်နဲ့ ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့် ဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(ခ)အရ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ ကြမ်းနဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီအရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ သက်ဆိုင်သူမှ ရှင်းလင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးငွန်မောင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ လို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးငွန်မောင်း ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနကနေ တင်ပြထားတဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီ၏ စစ်ဆေးတွေ့ရှိချက်ကို ကော်မတီများကိုယ်စား ကျွန်တော်က ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။ အပိုဒ်(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၅၄၊ ပုဒ်မခွဲ(ခ)တွင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိသည်ဟူ၍ ပြဋ္ဌာန်းထားရာ

နိုင်ငံသားများက ဥပဒေနဲ့အညီ လွတ်လပ်စွာသုံးစွဲဆောင်ရွက်ရန်နဲ့ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို မထိခိုက်စေရေး၊ စနစ်တကျဖြစ်စေရေးနဲ့ ဥပဒေနဲ့အညီသုံးစွဲဆောင်ရွက်နိုင်ရန် အကာအကွယ်ရရှိနိုင်ရန် ရည်ရွယ်၍ ဤဥပဒေကြမ်းကို တင်ပြခြင်းဖြစ်ကြောင်း ရည်ရွယ်ချက်ကိုဖော်ပြထားပါသည်။ အပိုဒ်(၂)ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ၁၈၉၉ ခုနှစ်ကပြဋ္ဌာန်းခဲ့သည့် ရန်ကုန်ရဲအက်ဥပဒေ၊ ၁၉၄၅ ခုနှစ်ကပြဋ္ဌာန်းခဲ့သည့် ရဲအက်ဥပဒေ၊ ၁၈၆၁ ခုနှစ်ပြစ်မှုဆိုင်ရာဥပဒေ၊ ၁၈၇၈ ခုနှစ် လက်နက်အက်ဥပဒေ၊ ၁၉၀၈ ခုနှစ်ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေ၊ ပြည်ထဲရေးနဲ့ သာသနာရေးဝန်ကြီးဌာနရဲ့အမိန့်ကြော်ငြာစာအမှတ် ၂/၈၉၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရဲ့အမိန့်အမှတ် ၃/၉၀နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားချက်အမှတ် ၂/၂၀၁၀ တို့ကို လက်ခံကျင့်သုံးလျက်ရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်၊မေလ ၂၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နဲ့ ညီညွတ်စေရန် ငြိမ်းချမ်းစွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေသစ်ရေးဆွဲရန် လိုအပ်ပါကြောင်း ဖော်ပြထားပါသည်။ အပိုဒ်(၃) ငြိမ်းချမ်းစွာစုဝေးခွင့်နဲ့ ငြိမ်းချမ်းစွာစီတန်းလှည့် လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းတွင် အခန်း(၈)ခန်းပါရှိပြီး ဤဥပဒေအရအရေးယူသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ်သတ်မှတ်ကြောင်း၊ အခြားရာဇဝတ်ပြစ်မှုများကို ကျူးလွန်ပါက တည်ဆဲဥပဒေအရ အရေးယူနိုင်ကြောင်းနဲ့ လိုအပ်ပါက ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်ကြောင်းကိုလည်း ဖော်ပြထားပါတယ်။ အပိုဒ်(၄) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခြင်းနဲ့ ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းဆိုင်ရာအခွင့်အရေးများကို နိုင်ငံသားများက အက်ဥပဒေနဲ့အညီ လွတ်လပ်စွာသုံးစွဲ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄(ခ)ပါ နိုင်ငံသားများရဲ့အခွင့်အရေးများကို ဒီမိုကရေစီနည်းလမ်းနဲ့အညီ မျက်မှောက်ခေတ်အခြေအနေနဲ့ ကိုက်ညီသောဥပဒေကြမ်းဖြစ်ကြောင်း တွေ့ရပါသည်။ အပိုဒ်(၅)ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နဲ့အညီ စိစစ်ဆောင်ရွက်ခဲ့ရာတွင် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကြမ်း အခန်း(၄)၊ ပုဒ်မ ၅၊ ခွင့်ပြုအမိန့်ထုတ်ပေးခြင်းနဲ့ ငြင်းပယ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်၏ နောက်ဆုံးတွင် သို့ရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် ခွင့်ပြုအမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းမပြုရဟု ဖြည့်စွက်ထည့်သွင်း ပြဋ္ဌာန်းထားသင့်ကြောင်း

စိစစ်တွေ့ရှိရပါတယ်။ သို့မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနဲ့အညီ လွတ်လပ်စွာသုံးစွဲခွင့် ပြည့်ဝစွာရရှိနိုင်မည်ဟု စိစစ်တွေ့ရှိရပါတယ်။ အပိုဒ်(၆)မြေလွတ်၊ မြေလွတ်နဲ့ အရိုင်းမြေ စီမံခန့်ခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းအခန်း(၅) စည်းကမ်းသတ်မှတ်ချက်များ ပုဒ်မ ၁၀၊ မြေလွတ်စွာစုဝေးခြင်းနဲ့ စပ်လျဉ်း၍ ပုဒ်မခွဲ(က)ကိုပယ်ဖျက်၍ ပုဒ်မ ၁၀ အား မြေလွတ်စွာ စုဝေးခြင်းနဲ့စပ်လျဉ်း၍ ခွင့်ပြုအမိန့်တွင်သတ်မှတ်ထားသည့်နေရာတွင်သာ မြေလွတ်စွာ စုဝေးခြင်းပြု ရမည်ဟု ဖော်ပြသင့်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ပုဒ်မခွဲ(က)ပါဖော်ပြချက်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၅၄(ခ)တွင် နိုင်ငံသားများအား ပေးထားသည့်အခွင့်အရေးအား တားမြစ်ကန့်သတ်ခြင်း ဖြစ်စေသည့်အတွက် ယင်းဖော်ပြချက်ကို ပယ်ဖျက်သင့်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အပိုဒ်(၇) မူလပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ၊ အမိန့်ကြော်ငြာစာ ညွှန်ကြားချက်များကို မှီငြမ်းကိုးကား၍ ဥပဒေကြမ်းနဲ့ဆီလျော်စွာ ထည့်သွင်းရေးဆွဲထားကြောင်း စစ်ဆေးတွေ့ရှိရသည့် အပြင် ဥပဒေကြမ်းစိစစ်ရာတွင် အခြေခံရမယ့်မူ ၁၂ ချက်နဲ့လည်း ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါ တယ်။ နောက်ဆုံးအပိုဒ် သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၏ မြေလွတ် စွာစုဝေးခွင့်နဲ့ မြေလွတ်စွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းအား ပြည်ထဲရေးဝန်ကြီးဌာန ၏တင်ပြချက်အပေါ် အထက်ဖော်ပြပါပြင်ဆင်ချက်များနဲ့ သဘောတူညီပါကြောင်း ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၅ နဲ့ အညီ တင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆ အရ မြေလွတ်စွာစုဝေးခွင့်နဲ့ မြေလွတ်စွာ တန်းစီလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနဲ့စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နဲ့ အညီ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လို သည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာကိုတိတိကျကျဖော်ပြ၍ ၂၉-၉-၂၀၁၁ ရက် ကြာသပတေးနေ့နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ၂၀၁၁ ခု၊ စက်တင်ဘာ ၂၇ ရက်၊ အင်္ဂါနေ့ ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများအစည်းအဝေးတက်ရောက်ကြရန် ဖြစ်ပါတယ်။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။